# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

**အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကို ရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။**

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 23 May 2019 ၉၆၅၈


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H. E. Mr. Heuangseng Khamdalavong အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-လာအို ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးကိစ္စရပ်များ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်၌ အပြန်အလှန် ထောက်ခံပေးသွားရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Heuangseng Khamdalavong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

## ရန်ကုန်တိုင်းဒေသကြီးမှ ထွက်ရှိသည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များ ယူနန်ပြည်နယ်နှင့် ရှန်ဟိုင်းမြို့သို့ တိုက်ရိုက်တင်ပို့နိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီးရှိ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များကို ထုပ်ပိုး၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ရှန်ဟိုင်းတို့သို့ တိုက်ရိုက်တင်ပို့နိုင်ရေး ဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

**ပုံမှန်တွေ့ဆုံဆွေးနွေး**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် မေ ၂၂ ရက်က ကျင်းပသည့် (၂၇)ကြိမ်မြောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ နိုင်ငံရဲ့ကုန်စည်တွေက နယ်စပ်အထိ ရောက်ပြီးမှ မရောင်းရဘူးဆိုပြီး ပြန်သယ်လာဖို့က တော်တော်ခက်ခဲပါတယ်။ ဟိုမှာ သိုလှောင်ထားနိုင်ဖို့အတွက်လည်း တော်တော်ခက်ခဲပါတယ်။ ဒါကြောင့် ရန်ကုန်ရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကနေ ထွက်လာတဲ့ကုန်ပစ္စည်းတွေ နိုင်ငံတကာကို တင်ပို့ရောင်းချနိုင်ဖို့နဲ့ တရုတ်ပြည်ဘက်ကို တင်ပို့ရောင်းချနိုင်ဖို့အတွက် ဈေးကွက်တစ်ခု ထူထောင်နိုင်ဖို့နဲ့ မြန်မာနိုင်ငံအတွင်းမှာပဲ ရန်ကုန်ကနေ ပါကင်ပိတ်ပြီး တင်ပို့နိုင်တဲ့အထိ ရောင်းချနိုင်ဖို့ ယူနန်နဲ့ တစ်ဖက်ကလည်း ဆွေးနွေးနေသလို ရှန်ဟိုင်းနဲ့လည်း ဆွေးနွေးနေပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။


**စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻**


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်


(မေ ၂၂ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်



(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊


**စာမျက်နှာ ၃ ကော်လံ ၆ သို့ ❖**


**ကြေးမုံ ယနေ့ဖတ်စရာ**

**ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ**


စာမျက်နှာ » ၁၁



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# အနာဂတ်အတွက် ကောင်းမွေများထားရစ်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံအကျယ်အဝန်း၏ ၅၄ ဒသမ ၁၅ ရာခိုင်နှုန်းကျော်မှာ သစ်တောကြီးများဖြင့် ဖုံးလွှမ်းခဲ့သည်။ ထိုစဉ်က သစ်တောကြီးများကျေးဇူးကြောင့် အပူ၊ အအေး၊ လေ၊ မိုး စသည့် ရာသီဥတုများ ညီညွတ်မျှတကောင်းမွန်ခဲ့သည်။ မိုးရေများကို အလဟဿစီးဆင်းမသွားရေး၊ ရေစီးတွင် မြေဆီလွှာများ မျောပါမသွားစေရေး၊ တိရစ္ဆာန်များ ရှင်သန်နေထိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ သစ်တောကြီးများပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်ပျက်စီးပြီး လူသတ္တဝါတို့ ဒုက္ခကြုံကြရသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့- (FAO) ၏ သစ်တောသယံဇာတ ဆန်းစစ်ချက် အစီရင်ခံစာအရ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် ဧရိယာ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိသည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်အကြား သစ်တောပြုန်းတီးမှုသည် ၁ ဒသမ ၇၂ ရာခိုင်နှုန်းရှိပြီး ၁၉၅၇ ခုနှစ်မှ ယနေ့အထိ သစ်တော ၁၂ ရာခိုင်နှုန်းခန့် ပြုန်းတီးခဲ့သည်။

ယနေ့ နာဆာ၏ ကောင်းကင်မြေပုံအရ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် သစ်ပင်သစ်တောများ ပိုမိုစိမ်းလန်းနေသည်။ ထိုနိုင်ငံများသည် ကမ္ဘာ့လူဦးရေအများဆုံးဖြစ်ပြီး သဘာဝသယံဇာတ အရင်းအမြစ်သုံးစွဲမှုများပြားသော်လည်း ဆယ်စုနှစ်များအတွင်း မှန်ကန်သည့်အားထုတ်မှုကြောင့် ပိုမိုစိမ်းလန်းလာခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် သစ်ပင် သန်း ၅၀ ကို ၂၄ နာရီအတွင်း လုပ်အားပေးပြည်သူလူထု ရှစ်သိန်းကျော်ဖြင့် စိုက်ပျိုးခဲ့သည်။ အိမ်နီးချင်းနိုင်ငံကြီးများက ဤသို့အားထုတ်နေချိန်တွင် မြန်မာနိုင်ငံတွင် တရားမဝင်သစ်ခိုးထုတ်မှုကို နေ့စဉ်မြင်တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။

သစ်တောများ နှစ်စဉ်ပြုန်းတီးနေမှုကြောင့် အပူချိန်လွန်ကဲခြင်း၊ မြေအောက်ရေ ရှားပါးလာခြင်း၊ နှစ်စဉ် ရေကြီးရေလွှမ်းမိုးခံရခြင်းများ ကြုံတွေ့နေရသည်။ ထိုထက်ပိုဆိုးသည်မှာ တောင်များပြုန်းတီးခြင်းဖြစ်သည်။ တောင်များသည် ရေအရင်းအမြစ်၏အသက်ဖြစ်သည်။ တောင်များကြောင့် မိုးတိမ်တိုက်များဖြစ်ပေါ်ပြီး ရေအရင်းအမြစ်ရသည်။ တောင်များသည် မြေအောက်ရေအရင်းအမြစ်ကို pump ကဲ့သို့ အလုပ်လုပ်သဖြင့် ရေတံခွန်စသည့်တို့ကို ဖန်တီးပေးသည်။ သစ်ပင်ကိုခုတ်လျှင် ပြန်စိုက်၍ရနိုင်သော်လည်း တောင်များကိုဖြိုလျှင် ပြန်လည်အစားမရနိုင်တော့ချေ။

တွင်းထွက်သယံဇာတများရရှိရေးအတွက် တောင်ဖြို၊ တောင်တူးခြင်းလုပ်ငန်းများကို ဆင်ခြင်ကြမှ တော်ကာကျမည်။ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းမှ တန်ကာကျမည်။ တရားမဝင်သစ်ခိုးထုတ်မှုများကို ထိရောက်စွာကိုင်တွယ်မှ သက်သာရာရမည်။ အိမ်နီးချင်းနိုင်ငံများတွင် မိမိတိုင်းပြည်စိမ်းလန်းစိုပြည်ပြီး ပြည်သူလူထုစိတ်နှလုံးချမ်းမြေ့စေရန်အတွက် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် တက်မညီ၊ လက်မညီသဖြင့် သဘာဝဘေးဒဏ်တို့ကို နှစ်စဉ်တိုး၍ ခံစားနေရသည်။

သို့ဖြစ်ရာ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတွင်သာ တာဝန်ရှိသည်မဟုတ်ချေ။ ပြည်သူလူထုအားလုံးတွင်လည်း တာဝန်ရှိပါသည်။ ပြည်သူလူထုမပါဘဲ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်၍ ရမည်မဟုတ်ပေ။ ထိုအရေးအတွက် ပြည်သူတိုင်းက အရေးတကြီးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့၏ လက်ငင်းကိုယ်ကျိုးတစ်ခုတည်းကိုမကြည့်ဘဲ နောင်မျိုးဆက်သစ်များအတွက် ကောင်းမွေများကို ထားရစ်ခဲ့ကြရမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# “မဲခေါင်အလှ” ပန်းချီပြပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် မေ ၂၂**

မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ မဲခေါင်-ဂျပန်ချစ်ကြည်ရေး ၁၀ နှစ်ပြည့် အထိမ်းအမှတ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် စီစဉ်ကျင်းပသည့် “မဲခေါင်အလှ” ပန်းချီပြပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမ၌ ကျင်းပသည်။

**စတင်ဆောင်ရွက်**

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၈ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံ စသည့် အဖွဲ့ဝင်ခြောက်နိုင်ငံဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု ရည်ရွယ်ချက်သည် ပျော်ရွှင်ချမ်းမြေ့သော လူမှုဘဝကိုမြှင့်တင်နိုင်ရေး၊ အာဆီယံဒေသအတွင်း ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေးတို့အတွက် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်သည် မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့်ဖြစ်သည့်အတွက် မဲခေါင်-ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ယခုပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူတစ်ဦးက မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်၏ ချစ်ကြည်ရေးပြပွဲ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားပြောကြားပြီး “မဲခေါင်အလှ” ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

**ဂုဏ်ပြုပန်းချီကားများပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ပန်းချီဆရာကြီး ဦးစောလှိုင်က လည်းကောင်း၊ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူအား ပန်းချီပညာဌာန ပါမောက္ခ/ဌာနမှူးက လည်းကောင်း “မဲခေါင်အလှ” ပန်းချီပြပွဲ အမှတ်တရအဖြစ် ဂုဏ်ပြုပန်းချီကားများကို ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာပန်းချီပညာရှင်များကိုယ်စား ပန်းချီဆရာကြီး ဦးလှတင်ထွန်းနှင့် ဂျပန်ပညာရှင်များကိုယ်စား တိုကျိုအနုပညာတက္ကသိုလ်မှ ပညာရှင်တစ်ဦးက အမှတ်တရ စကားပြောကြားသည်။

**ပြသ**

“မဲခေါင်အလှ”ပန်းချီပြပွဲတွင် မြန်မာနိုင်ငံရှိ ဝါရင့်ပန်းချီပညာရှင်ကြီးများ၊ နိုင်ငံတကာတွင် အောင်မြင်ထင်ရှားနေသော ပန်းချီပညာရှင်များ၊ အနုပညာ အထက်တန်းကျောင်းနှင့် အနုပညာ တက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများ၊ လူငယ်ပန်းချီပညာရှင်များရေးဆွဲထားသည့် မြန်မာနိုင်ငံမှ ၆၃ ကား၊ ကမ္ဘောဒီးယားမှ သုံးကား၊ဗီယက်နမ်မှ ငါးကား၊ လာအိုမှ ငါးကား၊ ထိုင်းမှ လေးကားနှင့် ဂျပန်ပညာရှင်များ၏ ပန်းချီ၊ ပန်းပု၊ ယွန်းထည်လက်မှုအနုပညာလက်ရာ ၁၀ ခုအပါအဝင် ပန်းချီကားများနှင့် အနုပညာလက်ရာ ၉၀ တို့ကို ပြသထားသည်။

အဆိုပါပြပွဲကို ယနေ့မှ မေ ၂၈ ရက်အထိ အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမ၌ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွန်း**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို အဆင့်မြှင့်တင် မွမ်းမံမည်

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ (ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဩဂုတ် ၁ ရက်မှစတင်၍ အဆင့်မြှင့်တင် မွမ်းမံမည်ဖြစ်ပါသဖြင့် ဇာတ်ရုံငှားရမ်းသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို ဇွန် ၁ ရက်မှစတင်၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအမျိုးသားဇာတ်ရုံ(ရန်ကုန်)သည် ၁၉၈၅ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတကြီး လီရှန်နင့်က မေတ္တာလက်ဆောင်ပေးအပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့၍ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။

ယခုအခါ သက်တမ်းအားဖြင့် ၂၈ နှစ်တာကာလကြာမြင့်ပြီဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အသံစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ဇာတ်စင်သုံး မီးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ Air Con စနစ်များ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်ထိုင်ခုံများ အဆင့်မြှင့်တင်ခြင်း၊ အဆောက်အဦပိုင်းဆိုင်ရာအဆင့်မြှင့်တင်ခြင်း၊ အလိုအလျောက်မီးငြိမ်းသတ်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြားအထွေထွေပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်မွမ်းမံသည့်ကာလမှာ ခန့်မှန်းအားဖြင့် နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၂**

ရန်ကုန်(ရွှေဈေး) ၁၀၄၅၅၀၀ - ၁၀၄၅၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၅၅၀၀ - ၁၀၄၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၁၀၀၀ ကျပ်၊ | ၁၀၁၅/၁၀၂၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၀/၉၇၀ ကျပ်၊ | ၁၀၁၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၀/၉၁၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ်၊ | ၁၀၃၀/၁၀၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၃၅/၉၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၀/၉၅၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၂ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၀.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၉.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၃.၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၁၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၉၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၉၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၅.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၄၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၀.၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးတက်ရောက်ရန်နှင့် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Teodoro L. Locsin, Jr. အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးနှင့် ဖိလစ်ပိုင်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး** H.E. Mr. Teodoro L. Locsin, Jr. **အား လက်ခံတွေ့ဆုံစဉ်။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Vision 2020 တွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် Vision 2020 အဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းခြင်း စသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ❖ နေရာကွက်ကျားမိုးထစ်ချုန်းမှ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်** - လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက်**

နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

**ဥတုရာသီ တောကိုမီး၏**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးများကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မူဝါဒနှင့် လုပ်ငန်းစဉ်များကိုလိုက်နာပြီး ပြည်သူ့အပေါ် ဝန်ဆောင်မှုများအား ပိုမိုထိရောက်အောင် စွမ်းဆောင် လုပ်နည်းလုပ်ဟန်များ ကောင်းမွန်စွာ ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်




**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများနှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး နေပြည်တော်ကောင်စီနယ်မြေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် လေးလကျော်ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဌာန၏မျှော်မှန်းချက်(Vision)၊ လုပ်ငန်းတာဝန်(Mission) လေးရပ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် သုံးရပ်ကိုလည်း ချမှတ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ပထမ သုံးလတာကာလတွင် အသွင်သဏ္ဍာန်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒုတိယ သုံးလတာကာလတွင် ဆက်လက်ဆောင်ရွက်မည့် အနှစ်သာရပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြလမ်းညွှန်မှု ခံယူခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၉/၂၀၁၉) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၏ ပြင်ဆင်ဖွဲ့စည်းထားသည့် ဝန်ကြီးရုံးဖွဲ့စည်းပုံကိုလည်း အတည်ပြုခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးရုံးအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit) (CPU) ဖွဲ့စည်းရန်နှင့် ကာကွယ်တားဆီးရေးစီမံချက် ရေးဆွဲဆောင်ရွက်သွားရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ကြီးဌာနအဆင့် Regulatory Review Unit ကို ဝန်ကြီးဌာနအကြံပေးအဖွဲ့ဝင် နှစ်ဦး၊ ဝန်ကြီးရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ဝန်ထမ်းလက်စွဲများ၊ ဝန်ထမ်းကျင့်ဝတ်များ ပြန်လည်ရေးဆွဲရန်နှင့် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ် ပြင်ဆင်နိုင်ရန်အတွက်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ**

ထို့အတူ အတည်ပြုပြင်ဆင်ပြီးဖြစ်သည့် ဝန်ကြီးဌာနဖွဲ့စည်းပုံအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (Institute of Development Administration-IDA)ကိုလည်း ဖွဲ့စည်းပုံတိုးချဲ့ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ပြီး အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရန်အတွက်လည်း ဝန်ကြီးဌာန အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့်အတူ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ ထွေ/အုပ်ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး စသည့် လူသားအရင်းအမြစ်များကို စီမံခန့်ခွဲသည့်စနစ်ကိုလည်း ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်နှင့် မျှမျှတတဖြစ်စေရန်အတွက် မူဝါဒရေးဆွဲဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိပါကြောင်း။

ယနေ့တွေ့ဆုံပွဲတွင် မိမိအနေဖြင့် အထူးမှာကြားလိုသည့် အချက်နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်သည် မိမိတို့နိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများက မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်အတူ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်၊ မဲစာရင်းများ မှန်ကန်တိကျရန် လိုအပ်မည်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဝန်ထမ်းများအနေဖြင့် အသက် ၁၈ နှစ်နှင့်အထက်ရှိ လူဦးရေစာရင်းများ၊ အိမ်ထောင်စုစာရင်းများကို လက်ရှိအခြေအနေနှင့် မှန်ကန်ကိုက်ညီအောင် ပြုစုထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အဓိကတာဝန်ပေးထား**

သို့မှသာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲစာရင်းများကြိုတင်ပြုစုရန် လိုအပ်လာသည့်အခါတွင် မိမိတို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ ပြုစုထားသည့်စာရင်းများကို အခြေခံပြီး မှန်ကန်ပြည့်စုံသည့် မဲစာရင်းကို ပြုစုနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုအရ ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အစရှိသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာတွင် ဝန်ထမ်းဖွဲ့စည်းပုံခိုင်မာမှုရှိသည့် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အဓိကတာဝန်ပေးထားပြီး ဖြစ်ပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြေ/စစ်ကော်မတီအတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ခရိုင်မြေ/စစ်ကော်မတီများတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ မြို့နယ်မြေ/စစ်ကော်မတီများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ အဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားသည့်အတွက် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဌာန၏ မူလလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်နှင့် မြေ/စစ်ဗဟိုကော်မတီက ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကိုလည်း ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း။

မြေ/စစ်ဗဟိုကော်မတီက ပေးပို့သည့်စာရင်းအရ နေပြည်တော် မြေ/စစ်ကော်မတီအနေဖြင့် တိုင်ကြားစာအမှုတွဲ ၃၅၄ တွဲအနက် မြေ/စစ်ဗဟိုသို့ တင်ပြပြီးအမှုတွဲ ၂၅၅ တွဲ၊ ဆောင်ရွက်ဆဲအမှုတွဲ ၁၀၉ တွဲနှင့် ပိတ်သိမ်းအမှုတွဲ ၂၀၀ ဖြစ်သည့်အတွက် ပြီးစီးမှု ၇၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ လက်ကျန်အမှုတွဲများကိုလည်း အမြန်ဆုံး မှန်ကန်ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားရန်ကိုလည်း မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း၊ ထို့အတူ စွန့်လွှတ်မြေများကို ပြန်လည်လွှဲပြောင်းပေးအပ်ရန် ကျန်နေသည့် အမှုတွဲ နှစ်တွဲကိုလည်း အမြန်ဆုံး လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ကြိုးစားဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးဖြစ်သည်နှင့်အညီ ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စံနမူနာပြဆောင်ရွက်ပေးကြရန်၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်ကြရန်၊ ပြည်သူနှင့် တွေ့ဆုံရန်၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးကြရန်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကိုလိုက်နာပြီး ပြည်သူ့အပေါ် ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက်အောင် လုပ်နည်းလုပ်ဟန်များကို ကောင်းမွန်စွာပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လုံခြုံရေး လိုက်လံစစ်ဆေး



**နေပြည်တော် မေ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လုံခြုံရေးဆောင်ရွက်နေမှုများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှုများအား လိုက်လံစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် လေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသည့် Yangon Areodrome Co.,Ltd. မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးက လေဆိပ်လုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး၊ ခရီးသည်များ လုံခြုံအေးချမ်းစွာ သွားလာနိုင်ရေး၊ လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီတို့မှ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ နှစ်စဉ်ကုန်သွယ်မှုပမာဏမှ

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်**

ရှေးဦးစွာ ဒုတိယသမ္မတဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံပွဲသည် (၂၇)ကြိမ်မြောက် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် အားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များရှိသကဲ့သို့ တချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပါကြောင်း။

တချို့ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ(၅)ရပ်က တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်ကာ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏတိုးတက်အောင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မေ ၃ ရက်အထိ ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုပါကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၇၃ ဘီလီယံ ပါဝင်သည့်အတွက် ၈၄ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေးလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးခဲ့ပါကြောင်း။

**အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူ**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလအထိ ဖမ်းဆီးအရေးယူမှု ၅၁၂ ကြိမ်


ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရှင်းလင်းပြောကြားစဉ်။

ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၁၁၃ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကိုသာမက ကုန်သွယ်ရေးကဏ္ဍကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို အခြေပြုပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကုန်သွယ်ရေးကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၉ ခုနှစ် မတ်လအထိ ခွင့်ပြုပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်သည် ၁၅၄၉ ခု ရှိသည်ကို တွေ့ရှိရပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေပြဋ္ဌာန်းခြင်း၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာများတွင် ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းပြောကြားစဉ်။

တစ်ဖက်တွင်လည်း ၎င်းတို့ကို သိရှိနားလည်စေရန်အတွက် အစိုးရဘက်နှင့် ပုဂ္ဂလိက နှစ်ဖက်စလုံးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

**ရှင်းလင်းပြောကြား**

ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင် နိုင်ငံ၏ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ သုံးမျိုးလုံးအပေါ် ကောင်းမွန်သည့် သက်ရောက်မှုရှိမှသာလျှင် ပြည့်စုံပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုလို သုံးမျိုးသုံးဖလှယ်ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုများ ရရှိလာအောင် အစိုးရဘက်မှ ကြိုးစားနေသကဲ့သို့ လုပ်ငန်းရှင်များဘက်ကလည်း မိမိတို့လုပ်ငန်းမှ နိုင်ငံ၏ စီးပွားရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုစီးပွားဘဝတို့အပေါ် ကောင်းမွန်သည့် သက်ရောက်မှုများရှိလာနိုင်စေရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများကျင်းပပြီးစီးမှုအခြေအနေ၊ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ ပဲနှင့်ဆန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပပြီးစီးမှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေသူရိန်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဆန်းဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။


UMFCCI ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန် ရှင်းလင်းတင်ပြစဉ်။

အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❖ **မြန်မာ ယူ-၁၉ မှ**

ခြေစစ်ပွဲအောင်မြင်လာသည့် သြစတြေးလျ၊ တောင်ကိုရီးယား၊ မြန်မာနှင့်ဗီယက်နမ် စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ပထမအဆင့်မှ စတင်ကစားရပြီး အုပ်စုပထမပွဲအဖွင့်ပွဲတွင် လာအိုကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးသော်လည်း ဒုတိယပွဲတွင် အီရန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ အကောင်းဆုံးအုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်လာခြင်းဖြစ်သည်။ ဒုတိယအဆင့်မတိုင်မီ နည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် အသင်းအား ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်နိုင်ခဲ့ပြီး လုံလောက်သည့် နိုင်ငံတကာ ခြေစမ်းပွဲများကစားခွင့်မရသော်လည်း ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဥဇဘက်ကစ္စတန်ကို တစ်ဂိုး-ဂိုးမရှိ၊ နီပေါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ သြစတြေးလျကို ရှုံးပြီး ခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၂၃ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အာရှအသင်းကြီးများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

---

# ရှမ်းနှင့် ရခိုင်၊ စစ်ကိုင်းနှင့် ရန်ကုန်တို့ အားပြိုင်မည့် ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်

**ရန်ကုန် မေ ၂၂**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ ကို မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းနှင့်ရခိုင်၊ စစ်ကိုင်းနှင့်ရန်ကုန်အသင်းတို့၏ အားပြိုင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် မေ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မေ ၂၆ ရက်တွင် မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇွန် ၁ ရက်နှင့် ၂ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ စက်တင်ဘာလမှ ကျင်းပမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း ပြင်ဆင်မှုအလုံးစုံမပြီးစီးသေးသောကြောင့် ကျန်သုံးသင်းသာ အိမ်ကွင်းလက်ခံကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းကို ပြောင်းလဲအသုံးပြုခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

# အခွန်ဆိုသည်မှာ

**စောနိုင်(အသုံးချဘောဂဗေဒ)**

ယနေ့အချိန်ကာလတွင် အခွန်ဆိုသည့်အရာသည် လူတိုင်းနှင့် ခပ်စိမ်းစိမ်း အခြေအနေမျိုးတော့ မဟုတ်တော့။ မြန်မာ့စီးပွားရေး အဆောက်အဦထဲ၌ အခွန်ဆိုသည်ကို ကျောင်းသားလူငယ်လေးများပင် သိနေကြပြီ။ တက္ကသိုလ်ဝင်တန်း (၁၀ တန်း)တွင် ဘောဂဗေဒဘာသာယူသည့် ကျောင်းသားလေးများဆိုလျှင် ဘောဂဗေဒအောင်မှတ်ရဖို့၊ ဂုဏ်ထူးရဖို့ ကျက်ရင်း၊ မှတ်ရင်း အခွန်နှင့်ပတ်သက်သည့် အခြေခံအကြောင်းများ အလွတ်ပင်ရနေလောက်ပြီ ဖြစ်သည်။ လက်တွေ့လောက၌ အခွန်သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံတစ်ခုအတွက် အလွန်ပင်အရေးကြီးသော ပြည်သူ့ဘဏ္ဍာရေး၏ အစိတ်အပိုင်းကြီးတစ်ရပ် ဖြစ်၏။ နိုင်ငံအတွက် လိုအပ်သောအသုံးစရိတ်များအတွက် မှီခိုနေရသောကြောင့် အခွန်ကဏ္ဍသာ အားနည်းခဲ့ပါလျှင် ထိုနိုင်ငံ လူ့အဖွဲ့အစည်းအဖို့ အခက်အခဲများစွာ ရင်ဆိုင်ရလိမ့်မည်မှာ မလွဲသေချာသည်။

**အစိုးရ၏ရငွေ(သို့မဟုတ်) ပြည်သူ့ရငွေ**

နိုင်ငံတစ်နိုင်ငံကို တာဝန်ယူအုပ်ချုပ်သည့် အစိုးရတစ်ရပ်သည် ၎င်းတို့လုပ်ဆောင်ရမည့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်မှုများအတွက် ငွေကြေးလိုအပ်သည်။ ထိုငွေကြေးသည် အစိုးရ၏အသုံးစရိတ် (သို့မဟုတ်) ပြည်သူ့အသုံးစရိတ် ဖြစ်သည်။ ပြည်သူ့အသုံးစရိတ်အတွက် လိုအပ်သည့်ငွေကြေး ရရှိရန်အတွက် အားထုတ်ဆောင်ရွက်ကြရသည်။ ရရှိလာသောငွေကြေးသည် အစိုးရ၏ရငွေ(သို့မဟုတ်) ပြည်သူ့ရငွေပင် ဖြစ်သည်။ အစိုးရတစ်ရပ်အတွက် ရငွေများ ရရှိနိုင်သည့် ဇာစ်မြစ်များစွာရှိသည်။ အစိုးရပိုင်ပစ္စည်းများကို ငှားရမ်းခြင်း၊ ရောင်းချခြင်းမှ ရရှိသည့်ငွေများ၊ အစိုးရက အခြားအဖွဲ့အစည်းများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမှ ရရှိသည့်ငွေများကဲ့သို့ အလုံးအရင်းဖြင့် ရရှိတတ်သည့် ငွေလုံးငွေရင်းရငွေများ ရှိသည်။ သာမန်ရငွေ အမျိုးအစားများဖြစ်သည့် အခွန်၊ ထည့်ဝင်ကြေး၊ အခွန်တော်နှင့် အခငွေများ၊ ထောက်ပံ့ကြေးနှင့် အလှူငွေများနှင့် အခြားရငွေများလည်း ရှိသည်။ သို့သော် အားအကိုးရဆုံးနှင့် သေချာပေါက်ရမည့် ဇာစ်မြစ်မှာမူ သာမန်ရငွေအမျိုးအစားထဲရှိ အခွန်ပင် ဖြစ်သည်။ ထို့ကြောင့် အစိုးရများအနေဖြင့် အခွန်ကောက်ခံခြင်းအပေါ်တွင် လွန်စွာအရေးထားကြခြင်း ဖြစ်သည်။

ဤသို့ဆိုသောကြောင့် အစိုးရတစ်ရပ်သည် ရငွေရရှိရေးအတွက်သာ အခွန်ကောက်ခံနေခြင်းတော့ မဟုတ်ပေ။ နိုင်ငံအတွက် လိုအပ်သည့် အခြားရည်မှန်းချက်များလည်း ရှိနိုင်သည်။ ရငွေနှင့် မသက်ဆိုင်သော လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ အခြားသောရည်မှန်းချက်များလည်း ရှိနိုင်၏။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူရစေရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ထွန်း၍ အလုပ်အကိုင်၊ အခွင့်အလမ်းများပြားလာစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေရေး၊ ဝင်ငွေပြန်လည်ခွဲဝေဖြန့်ဖြူးနိုင်ရေး စသည့် စီးပွားရေးရည်မှန်းချက်များရှိသကဲ့သို့ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးအပါအဝင် ဆေးလိပ်၊ အရက် စသဖြင့် ကျန်းမာရေးထိခိုက်စေသော အရာများကို သုံးစွဲမှုလျော့ကျစေရန်၊ ရှောင်ကြဉ်မှုရှိလာစေရန်ဟူသော လူမှုရေးရည်မှန်းချက်များလည်း ရှိသည်။

ထို့အပြင် ပြည်တွင်းလုပ်ငန်းများကို နိုင်ငံရပ်ခြားလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုမှ အကာအကွယ်ပေးရန်နှင့် တိုင်းပြည်အတွက် အကျိုးမပြုနိုင်သော လုပ်ငန်းများ လျော့နည်းသွားစေရန်ဟူသော အခြေအနေအရ လုပ်ဆောင်ရမည့် ရည်မှန်းချက်များလည်း ရှိလာနိုင်သည်။ ထို့ကြောင့် အစိုးရတစ်ရပ်သည် အခွန်ဆိုသည့် ပြည်သူ့ဘဏ္ဍာရေးကိရိယာကို အစိုးရအသုံးစရိတ် ဖြည့်ဆည်းနိုင်ရေးအတွက်သာမက နိုင်ငံနယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူများအားလုံး၏ အကျိုးစီးပွားအတွက် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် အသုံးပြုနေသည်ဟု ဆိုရမည်။ ထိုသို့ ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော်လည်း အသုံးပြုနည်းမမှန်ကန်ပါက ရည်ရွယ်ချက်များ အထမမြောက်၊ မအောင်မြင်နိုင်ပေ။

**ကိစ္စအဝဝ ပွင့်လင်းမြင်သာမှုရှိစေရမည်**

အခွန်ကောက်ခံမှုတွင် နည်းမှန်လမ်းမှန် မည်သို့လုပ်ဆောင်ကြမည်နည်း။ ကျင့်သုံးသည့်အခွန်စနစ်၊ အခွန်ဥပဒေများ၊ အခွန်အမျိုးအစားများ၊ အခွန်နှုန်းထား တွက်ချက်မှုများနှင့်ပတ်သက်၍ သည်နိုင်ငံသားများ သဘောပေါက်လွယ်ရမည်၊ နိုင်ငံသားတိုင်း လိုက်နာချင်စိတ် ဖြစ်ပေါ်လာသည့် အခြေအနေမျိုးလည်း ဖြစ်ရမည်၊ လိုအပ်ပါက ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိရမည်၊ အခွန်နှင့်ပတ်သက်သမျှ ကိစ္စအဝဝ ပွင့်လင်းမြင်သာမှုရှိစေရမည်ဟူသော အခြေခံအချက်များလည်း ရှိသည်။ အခွန်ကောက်ခံမှုသည် ပေးနိုင်စွမ်းရှိမှုအပေါ်မူတည်၍ တရားမျှတမှုရှိစွာ ကောက်ခံရမည်။ အခွန်သဘောသဘာဝကို တိတိကျကျ သေချာသိရှိနေရမည်၊ အခွန်ထမ်း ပြည်သူများနှင့် အခွန်ကောက်ခံသူများအကြားတွင် လုပ်ငန်းလုပ်ဆောင်မှု အဆင်ပြေမှု ရှိနေရမည်၊ အခွန်ကောက်ခံရာတွင် ကုန်ကျစရိတ်များပြားခြင်း မဖြစ်စေရဟူသော အခွန်ကောက်ခံခြင်း အခြေခံမူများလည်းရှိသည်။

အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံများတွင် ကွဲပြားခြားနားသော အယူအဆ၊ တွေးခေါ်မှုများ ပါဝင်နေသော်လည်း အားလုံးသည် ထိရောက်သော အခွန်ကောက်ခံစနစ်ကို ဦးတည်နေကြခြင်းဖြစ်သဖြင့် လိုက်နာဆောင်ရွက်သင့်သည်ချည်းဖြစ်သည်။ အစိုးရတစ်ရပ်အနေဖြင့် ၎င်းတို့၏ စီးပွားရေးအဆောက်အအုံအတွင်းရှိ ကုန်ထုတ်စွမ်းအားစုများ အခြေအနေ၊ ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေအဆင့်အတန်းစသည့် မေခရိုစီးပွားရေး အခြေအနေများကို ကျယ်ပြန့်စွာ ထည့်သွင်းစဉ်းစား၍ ချင့်ချိန်လိုက်နာဆောင်ရွက်ရန်သာ ဖြစ်သည်။

အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ ပညာရှင်များ၊ သုတေသီများ အတွေးအခေါ်၊ အယူအဆများကို လေ့လာ၍ အပြောလွယ်၊ အလုပ်ခက်သည့် အရာများအဖြစ် တွေ့ရသော်လည်း လျစ်လျူရှုထား၍မရ၊ နိုင်ငံတစ်နိုင်ငံရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်ကိစ္စ ဖြစ်သည်။ မည်သူက စတင်အကောင်အထည်ဖော် လုပ်ဆောင်ရမည်၊ နိုင်ငံကို တာဝန်ယူ စီမံအုပ်ချုပ် လုပ်ကိုင်နေသည့် အစိုးရကသာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပေသည်။ အခွန်ကောက်ခံခြင်းကိစ္စကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အခွန်နှင့်ပတ်သက်သမျှ အခြေအနေအားလုံးကို ပြည်သူလူထု ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်မှုမှာ အခြေခံအကျဆုံးဖြစ်ပြီး ထိုအလုပ်နှင့်ပတ်သက်၍ တာဝန်အရှိဆုံးမှာ အစိုးရကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ ထိုအခြေအနေကို အကောင်အထည်ဖော်နိုင်စွမ်းရှိမှုအပေါ်မူတည်၍ ပြည်သူတို့၏ အခွန်နှင့်ပတ်သက်၍ ကောင်းစွာနားလည်သဘောပေါက်မှု ရှိ၊ မရှိ၊ အခွန်ပေးလိုမှု စိတ်ဆန္ဒဖြစ်ပေါ်မှု ရှိ၊ မရှိနှင့် အစိုးရ၏ အခွန်ကောက်ခံရရှိမှု ရလဒ်ကောင်း၊ မကောင်း စသည့် ရလဒ်အမျိုးမျိုး ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

**အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိ**

ကမ္ဘာပေါ်တွင် အခွန်နှင့် သေခြင်းတရားကို မည်သူမျှ ရှောင်လွှဲနိုင်စွမ်းရှိမည်မဟုတ်ဆိုသည်ကို ယနေ့ခေတ်ကာလ နိုင်ငံသားအားလုံးနီးပါး ကောင်းစွာ သဘောပေါက်၏။ အုပ်ချုပ်သူအစိုးရမင်းတို့က ၎င်းတို့တာဝန်ယူအုပ်ချုပ်နေသည့်နိုင်ငံ သာယာဝပြောရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ကောင်းမွန်ရေးအတွက် အားထုတ်လုပ်ကိုင်ဆောင်ရွက်ရာ၌ လိုအပ်သော အသုံးစရိတ်များအတွက် ပြည်သူလူထုက ထည့်ဝင်ပေးရသည့် ငွေကြေးဟုလည်း နားလည်ကြ၏။ ပြည်သူကအစိုးရထံသို့ ငွေကြေးထည့်ဝင်၍ အစိုးရက ပြည်သူအတွက် ဝန်ဆောင်မှုပြန်လည်ဖြည့်ဆည်းပေးရသဖြင့် တစ်ဖက်သတ်မဟုတ်ဘဲ အပြန်အလှန်သဘောဟုလည်း နားလည်နိုင်၏။ နိုင်ငံတစ်နိုင်ငံ၏ ပင်မဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသားတိုင်းသည် ဥပဒေအရ အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ရာ ပြည်သူများအနေဖြင့် အခွန်ဆိုင်ရာဥပဒေများကို လိုက်နာထမ်းဆောင်ရန် “အသင့်ရှိဟု”သာ ဆိုရပေမည်။

သို့သော် ...။ အခွန်ကောက်ခံခြင်းကို အစိုးရကိုယ်စား တာဝန်ယူလုပ်ဆောင်ရမည့် အခွန်အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် အခွန်ဆိုင်ရာ အယူအဆသဘောတရားများ၊ စီးပွားရေးအဆောက်အအုံအတွင်း ကုန်ထုတ်လုပ်မှု၊ ကုန်ထုတ်လုပ်ငန်းများ ထွန်းကားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အခြေအနေများ အပါအဝင် မေခရိုစီးပွားရေးအခြေအနေများကို နားလည်သဘောပေါက်မှုနှင့်အတူ ပါဝင်ပတ်သက်နေရသည့် စာရင်းကိုင်များ၊ စာရင်းစစ်များ၊ အခွန်ကောက်ခံသူ ဝန်ထမ်းများနှင့် အခွန်အရာရှိများ၏ လစာဝင်ငွေ၊ လူနေမှုအဆင့်အတန်းတို့ကို ထည့်သွင်းစဉ်းစားပေးနိုင်မှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရန် ထိန်းကျောင်းပေးနိုင်မှုတို့ကိုပါ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဆွေးနွေး၊ ရေးဆွဲထားသည့် အခွန်စနစ်အောက်တွင် ပြည်သူအများ လိုက်နာကျင့်သုံးနိုင်သည့် အခွန်ဥပဒေကိုပြဋ္ဌာန်းအကောင်အထည်ဖော်ရမည်။ တစ်ချိန်တည်းမှာပင် တရားစီရင်ရေးကဏ္ဍနှင့် တရားဥပဒေစိုးမိုးမှု ထိန်းကျောင်းနေသော အဖွဲ့အစည်းများ၏ ထိထိရောက်ရောက်ပံ့ပိုးပေးမှုကိုလည်း ရရှိနေရမည် ဖြစ်သည်။

- ကောက်ခံနေသော အခွန်သည် တရားမျှတမှု ရှိခဲ့ပါလျှင်၊
- ကောက်ခံနေသောအခွန်နှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူနှင့် အခွန်စည်းကြပ်ကောက်ခံသူဝန်ထမ်း နှစ်ဦးနှစ်ဖက်စလုံး ကောင်းစွာ သဘောပေါက်ခဲ့ပါလျှင်၊
- ပြည်သူများနှင့် အခွန်အာဏာပိုင် အဖွဲ့အစည်းတို့အကြား အခွန်စည်းကြပ်ကောက်ခံခြင်း၊ အခွန်ထမ်းဆောင်ခြင်း လုပ်ငန်းစဉ်တို့ အဆင်ပြေ ချောမွေ့ခဲ့ပါလျှင်၊
- အခွန်ကောက်ခံရာတွင် သုံးစွဲရသည့် ကုန်ကျစရိတ် ကြီးမြင့်ခြင်း မရှိခဲ့ပါလျှင်၊

ရိုးရိုးရှင်းရှင်း နားလည်နိုင်သော အခွန်အခြေခံမူဟုခေါ်နိုင်သည့် အချက်များနှင့် ကိုက်ညီမှုရှိခဲ့လျှင်ပင် နိုင်ငံအတွက် အထောက်အကူရစေနိုင်သည့် အခွန်စနစ်ဟု ဆိုနိုင်ပေမည်။ ထိုအခြေအနေမျိုးအောက်တွင် အခွန်စနစ်အထောက်အပံ့ဖြင့် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး အခြေအနေကောင်းများကို ဖန်တီးနိုင်စွမ်း ရှိနေပေလိမ့်မည်။ အခွန်ထမ်းပြည်သူတို့သည်လည်း အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ စောဒကတက်ရန် စိတ်ကူးပင်ရှိကြလိမ့်မည် မဟုတ်ပေ။ ။

> **“အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ ပညာရှင်များ၊ သုတေသီများ၏ အတွေးအခေါ်၊ အယူအဆများကို လေ့လာ၍ အပြောလွယ်၊ အလုပ်ခက်သည့် အရာများအဖြစ် တွေ့ရသော်လည်း လျစ်လျူရှုထား၍မရ၊ နိုင်ငံတစ်နိုင်ငံရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်ကိစ္စ ဖြစ်သည်။ မည်သူက စတင် အကောင်အထည်ဖော် လုပ်ဆောင်ရမည်၊ နိုင်ငံကို တာဝန်ယူ စီမံအုပ်ချုပ်လုပ်ကိုင်နေသည့် အစိုးရကသာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်”**

## ပထမဦးဆုံး နိုင်ငံအဆင့်စက်ရုပ်ပြိုင်ပွဲကြီး ကျင်းပမည်

**ရန်ကုန်  မေ  ၂၂**

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပမည့် နိုင်ငံအဆင့်စက်ရုပ်ပြိုင်ပွဲဖြစ်သော Myanmar Robo League ကို ရန်ကုန်မြို့ သိမ်ဖြူမိုးလုံလေလုံကွင်း၌ လာမည့် ဇွန် ၁ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုပွဲမှတစ်ဆင့် ဒူဘိုင်းမြို့ရှိ နိုင်ငံတကာစက်ရုပ်ပြိုင်ပွဲ FIRST Global Robotics Competition ကို ပါဝင်ရန် မြန်မာနိုင်ငံကိုယ်စားပြု ကျောင်းသား ကျောင်းသူများကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Robo League တွင် ပါဝင်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု တက္ကသိုလ်များစာရင်းမှာ ပုသိမ်ကွန်ပျူတာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ သန်လျင်နည်းပညာတက္ကသိုလ်၊ တောင်ကြီးနည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ဗန်းမော်ကွန်ပျူတာတက္ကသိုလ်၊ လှိုင်ကော်ကွန်ပျူတာတက္ကသိုလ်၊ ဘားအံကွန်ပျူတာတက္ကသိုလ်၊ ပခုက္ကူနည်းပညာတက္ကသိုလ်၊ မန္တလေးမြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ သထုံကွန်ပျူတာတက္ကသိုလ်၊ စစ်တွေကွန်ပျူတာတက္ကသိုလ်၊ မုံရွာနည်းပညာတက္ကသိုလ်၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်၊ မြိတ်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့ဖြစ်သည်။

ပြိုင်ပွဲကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်း ၁၄ သင်းမှ ပွဲစဉ် ခုနစ်ပွဲ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အနိုင်ရရှိသောအသင်းများသည် ပွဲစဉ်လေးခုကို ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်၍ စုစုပေါင်း ငါးနာရီခန့်ကြာမြင့်မည်ဖြစ်ကာ ပြိုင်ပွဲအား မည်သူမဆိုစာရင်းပေး၍ လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် အွန်လိုင်းလက်မှတ်များကို Myanmar Robo League နှင့် ဖန်တီးရာ၏ လူမှုကွန်ရက်စာမျက်နှာမှ ရယူနိုင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**



# နေ့စဉ်အမှိုက်တန် ၆၀ ကို မီးရှို့၍ ထွက်ရှိလာသော အပူရှိန်ကိုအသုံးပြုကာ လျှပ်စစ်ဓာတ်အား ၇၆၀ KW ထုတ်လုပ်သည့် စက်ရုံနှင့် အမှိုက်မီးရှို့စက်တို့ကဲ့သို့သောစက်ရုံများ တိုးမြှင့်တည်ဆောက်ရန်တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

**နေပြည်တော် မေ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၏ **လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာရှိ လယ်မြေ ၆၀၇ ဒသမ ၇၅ ဧကကို နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်မှာ နှစ်နှစ်ခွဲကျော် ကြာမြင့်သည့်တိုင် ဆက်လက်စီမံခန့်ခွဲမှုမရှိသဖြင့် မည်သို့ဆောင်ရွက်မည်ကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု မီးခိုးကန်ကွင်းနှင့် ရေငံရိုးကွင်း အတွင်းရှိ ၆၀၇ ဒသမ ၇၅ ဧကအား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်ခဲ့ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပြင်ဆင်ချမှတ်သည့်မူဝါဒအရ မူလလက်ငုတ်လက်ရင်း တောင်သူများထံသို့ ပေးအပ်နိုင်ရေးအတွက် အဆင့်ဆင့် စိစစ်၍ ပုံစံ(၇)အား ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိအခြေအနေအရ မြေပြင်တွင် ပုံစံ(၇)ရရှိသည့် တောင်သူ ၇၇ ဦးနှင့် ပုံစံ(၇) မရရှိသည့် သီးစားခဖြင့် လုပ်ကိုင်သူ ၄၇ ဦးတို့ မြေပြင်၌ ဝင်ရောက်စိုက်ပျိုး လုပ်ကိုင်လျက်ရှိပါကြောင်း၊ အငြင်းပွားလျက်ရှိသည့်ကိစ္စနှင့်ပတ်သက်၍ ပုံစံ(၇) ရရှိသည့် တောင်သူ ၇၇ ဦးမှ ကျေနပ်မှုမရှိပါက တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လှိုင်မြို့နယ်မှ လှိုင်ဈေးကြီးနှင့် လှိုင်ရတနာဈေးတို့အား အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်ထား

ယင်းနောက် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လှိုင်မြို့နယ်ရှိ ဈေးများကို မြို့နယ်၏ လိုအပ်ချက်များထည့်သွင်း၍ BOT,PPP စနစ်များဖြင့် အဆင့်မြှင့်တင်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးညီထွန်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကွပ်ကဲမှု အောက်တွင်ရှိသော ဈေးများကို ခေတ်မီအဆင့်မြင့်ဈေးများ ဖြစ်လာစေရန်အတွက် PPP(Public Private Partnership) သို့မဟုတ် BOT စနစ်တို့ဖြင့် တည်ဆောက်ပြီး Market Operator စနစ်ဖြင့် အကောင်အထည်ဖော်ရန်စီမံဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဆောင်ရွက်ရန် ဈေးများစာရင်းတွင် လှိုင်မြို့နယ်မှ လှိုင်ဈေးကြီးနှင့် လှိုင်ရတနာဈေးတို့ပါဝင်ပြီး အဆိုပါဈေးတို့အား အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ်တွင် ပြည်ထဲရေးအမည်မပေါက်သေးသော ကျေးရွာများအား ပြည်ထဲရေး အမည်ပေါက်ကျေးရွာအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ မူဝါဒလုပ်ငန်းစဉ် ဆောင်ရွက်ရန်အချက်များမှ တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန် အချက်(၇)ချက်၊ သိမ်းဆည်းမြေများ၊ စွန့်လွှတ်မြေများဆိုင်ရာ လမ်းညွှန်ချက် (၈) ရပ်တို့နှင့်အညီ ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းနှင့် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၏ **ထန်တလန်မြို့နယ်တွင် တရားဝင်ခွင့်ပြုချက်ပေးကာ လုပ်ကိုင်စေသော ယစ်မျိုးလိုင်စင်ချထားပေးခြင်းများအား အပြီးတိုင်ပိတ်သိမ်းပေးရန် အစီအစဉ် ရှိ၊မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၏ **ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ဒေသခံများ အဓိကအသုံးပြုနေသော ကနောင်မင်းသားကြီးလမ်း၊ ဦးမြူလမ်း၊ အင်းဝလမ်း၊ မင်းရဲကျော်စွာလမ်းတို့မှာ ဆိုးရွားစွာပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်ရပ်နားစခန်းများ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၅၈ ချက်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၅၅ ချက်တို့နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအချက်များနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မြန်မာ့ဆက်သွယ်



ဒုတိယဝန်ကြီး ဦးတင်မြင့်



နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးညီထွန်း



လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်



လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး

ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုတင်သွင်း

ဆက်လက်၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက **မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန် တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍသည် နိုင်ငံတိုင်းတွင် အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုကဏ္ဍကို မှန်ကန်ကောင်းမွန်သော စီမံခန့်ခွဲခြင်းပြုလုပ်နိုင်ပါက နိုင်ငံဖွံ့ဖြိုးမှုသည်လည်း လိုက်ပါလာမည်မလွဲပါကြောင်း။

ယခုအချိန်တွင် ကျောက်မီးသွေးဖြင့် လျှပ်စစ်ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ အားသာချက်များအနေဖြင့် ကျောက်မီးသွေးသည် ကမ္ဘာတွင် နှစ်ပေါင်းရာကျော်အထိ လုံလောက်စွာရှိခြင်း၊ ဈေးနှုန်းအတက်အကျဖြစ်မှုနည်းပါးခြင်း၊ လိုအပ်သော Calorific Value အလိုက် လိုအပ်သလောက်ဝယ်ယူနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုများကို နည်းပညာမြင့်မားလာ၍ ထိန်းချုပ်လာနိုင်ခြင်း၊ ကျောက်မီးသွေးရောင်းချသည့်နိုင်ငံများမှာ ကမ္ဘာတွင် ပြန့်ကျဲနေသည့်အတွက် နိုင်ငံရေးလက်နက်အဖြစ် သုံးနိုင်မှုနည်းပါးခြင်းတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ခိုင်မာသည့် မူဝါဒချမှတ်လုပ်ဆောင်ရန်အကြံပြုလိုပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပန်းပဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေက အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း တင်သွင်းသည့် **စွန့်ပစ်ပစ္စည်းအမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းပပျောက်စေရန် နေ့စဉ်မီးရှို့နိုင်သော အမှိုက်တန် ၂၀၀၀ ကျော် ထွက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် အနည်းဆုံးတန် ၆၀ ထွက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ မြို့ကြီးများတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် နေ့စဉ် အမှိုက်တန် ၆၀ ကို မီးရှို့၍ ထွက်ရှိလာသော အပူရှိန်ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ၇၆၀ KW ထုတ်လုပ်သည့်စက်ရုံ (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက် (Furnace) တို့ကဲ့သို့သော စက်ရုံများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းက ယခင်က အမှိုက်နှင့်ပတ်သက်၍ မေးခွန်းများ၊ အဆိုများ၊ ယခုတင်သွင်းသော အဆိုများကို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဆိုပါက အဆိုရှင်တိုက်တွန်းသကဲ့သို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ရုံတင်မကဘဲ လျှပ်စစ်စွမ်းအားများရရှိနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ခြင်း၊ သန့်ရှင်းသာယာလှပခြင်း၊ ကျန်းမာရေးကို မထိခိုက်ခြင်း၊ မြေသြဇာများရရှိခြင်း၊ စွန့်ပစ်ပစ္စည်းမှ Recycle ပြုလုပ်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ မြေဧရိယာပြဿနာများကို လျှော့ချနိုင်ခြင်း စသည့် အချက်ပေါင်းများစွာ ရရှိနိုင်မည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေးနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်အဖွဲ့ဝင် ဦးညီထွန်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် စွန့်ပစ်အမှိုက်များမှ စွမ်းအားထုတ်လုပ်သည့်စက်ရုံ (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက် (Furnaces) တို့ကဲ့သို့သော စက်ရုံများကို တည်ထောင်နိုင်ရန်အတွက် လုံလောက်သော အမှိုက်ထွက်ရှိမှု မရှိသေးသကဲ့သို့ ဘဏ္ဍာငွေသုံးစွဲရန် အခက်အခဲများကြောင့် လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့တွင်းနှင့် စက်မှုဇုန်များမှ စွန့်ပစ်သည့် အမှိုက်များအား လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ထားဝယ်မြို့တွင် တစ်နေ့လျှင် ပျမ်းမျှအမှိုက်တန်ချိန် ၆၀ ထွက်ရှိပြီး အဆိုပါ အမှိုက်များကို အမှိုက်စွန့်ပစ်သည့်နေရာတွင် ကျင်းတူး၍ စွန့်ပစ်ကာ ထားဝယ်မြို့အတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းပပျောက်စေရေးအတွက် ဦးထွန်းဝေ (ပုဂ္ဂလိကအဖွဲ့အစည်း)က စည်ပင်သာယာရေးအဖွဲ့နှင့်ပူးပေါင်း၍ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များဖြစ်သည့် ပလတ်စတစ်၊ သံထည်ပစ္စည်း၊ ဘူးခွံ၊ ကတ်ထူပြား၊ စက္ကူများအား ဖိစက်အသုံးပြုပြီး ဖိအားပေး၍ ဘေထုပ်များပြုလုပ်ကာ အမှိုက်လျှော့ချခြင်းပြုလျက်ရှိပါကြောင်း၊ ပလတ်စတစ်အမှိုက်များအား မီးရှို့ဖျက်ဆီးနိုင်ရန်အတွက် လက်ရှိတွင် အမှိုက်မီးရှို့စက်ကဲ့သို့သော စက်ရုံ (အငယ်စား)တည်ဆောက်၍ စမ်းသပ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှထွက်ရှိသော အမှိုက်များကိုစုစည်း၍ စွန့်ပစ်ပစ္စည်းများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့်စီမံကိန်း Waste to Energy (WtE) ဆောင်ရွက်ရန် Finland နိုင်ငံအခြေစိုက် BIOKOSKI Limited နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ပြုလုပ်ပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် တောင်ကြီးမြို့မှ ထွက်ရှိသော စွန့်ပစ်အမှိုက်တန်ချိန် ၇၅ တန်အား Organics Aisa Co.,Ltd. ပူးပေါင်းပါဝင်သော ရွှေပြည်စုံကုမ္ပဏီလီမိတက်တို့ စွန့်ပစ်အမှိုက်မှ လောင်စာထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အကျိုးတူဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ လက်မှတ်ရေးထိုးခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုမဟာစီမံချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး Waste to Energy Plant ဆောင်ရွက်ရန် လေ့လာစမ်းစစ်မှုများပြုလုပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦးမြို့၊ ကျောက်ဆည်မြို့၊ ပျော်ဘွယ်မြို့စသည့် မြို့ကြီးများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် Semi Aerobic Landfill စနစ်အား ဂျပန်နည်းပညာဖြင့် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်သားမြို့တွင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော အမှိုက်မီးရှို့စက်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နေပြည်တော်နယ်နိမိတ်အတွင်း နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် တန် ၂၅၀ ခန့်ကို ပုဗ္ဗသီရိမြို့နယ် အမှိုက်စုပုံနေရာ(၁)၊ လယ်ဝေးမြို့နယ် အမှိုက်စုပုံနေရာ(၂) နှင့် တပ်ကုန်းမြို့နယ် အမှိုက်စုပုံနေရာ(၃)တို့တွင် စွန့်ပစ်လျက်ရှိပါကြောင်း၊ အမှိုက်မှ မီးရှို့၍ ထွက်ရှိလာသော အပူရှိန်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး စက်ရုံတည်ဆောက်ရန် မတည်ရင်းနှီးငွေ ကြီးမားခြင်း၊ လည်ပတ်လုပ်ဆောင်သည့်အချိန်တွင်လည်း ပြုပြင်ထိန်းသိမ်းစရိတ်ငွေကြေး

**စာမျက်နှာ ၈ သို့☆**

# ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများကို ၂၄ ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိ



ဒုတိယဝန်ကြီး ဦးကျော်လင်း



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း



ဒုတိယဝန်ကြီး ဦးလှကျော်



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါ်မမလေး

**နေပြည်တော်  မေ ၂၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် နှာဟရိန်မြို့မှ ခွါဟရန် - လေပီး - ခွာသွားနှင့် ရေဇွာမြို့- ဂန့်ဂေါ လမ်းဆုံနေရာအထိ ၂၃ မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့်ပေ ၃၀ အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လေပီး - ရေဇွာ- ဂန့်ဂေါ လမ်းမကြီးအထိ အရှည် ၄ မိုင်ခန့်နှင့် ရေဇွာ - ဂန့်ဂေါ - ခွါသွား လမ်းအရှည် ၁ မိုင် ၄ ဖာလုံ စုစုပေါင်း ၅ မိုင် ၄ ဖာလုံရှည်သည့် လမ်းပိုင်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းများဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်သည့် နှာရိန် - ခွါဟရန် မြေသားလမ်းအရှည် ၈ မိုင်နှင့် ခွါဟရန် - လေပီး မြေသားလမ်းအရှည် ၆ မိုင်တို့အား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်သောလမ်းပိုင်းများ လွှဲပြောင်းလက်ခံခြင်းကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက လမ်းနှင့်ပတ်သက်သည့် လမ်းရာဇဝင်အချက်အလက်များ၊ လမ်းတည်နေရာပြ မြေပုံ၊ ဓာတ်ပုံမှတ်တမ်းများနှင့် Road Chart တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ လမ်းများအား လမ်းအဆင့်သတ်မှတ်ခြင်းနှင့် ကျေးရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ပြီး ဦးစီးဌာနအချင်းချင်း လမ်းလွှဲပြောင်းလက်ခံခြင်းများကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့တင်ပြ၍ ဆုံးဖြတ်ချက်ရယူဆောင်ရွက်ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် နှာဟရိန်မြို့မှ ခွါဟရန် - လေပီး - ခွာသွားနှင့် (ရေဇွာ - ဂန့်ဂေါ)လမ်းဆုံအထိ ၂၃ မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန် ဝန်ကြီးဌာန (၂)ခု၏ တာဝန်ယူဆောင်ရွက်နေသည့် လမ်းပိုင်းများ ဖြစ်နေသည့်အတွက် လတ်တလောတွင် သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းများကို ၂၄ ပေအကျယ် လမ်းတာချဲ့ခြင်းလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ကလေး - ဖလမ်းလမ်းပေါ်ရှိ ထင်းရှူးစခန်းမှ ဘွာလ်ခွါး - ဘဲလွှ - ဆွောင်းဒိုး- ငါမွာလ် - မွှန်ပီး - ဇောလ်နိုး - ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် လိုအပ်သောနေရာများတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ကလေး - ဖလမ်းလမ်းမကြီးပေါ်ရှိ ထင်းရှူးစခန်းမှတစ်ဆင့် ဘွာလ်ခွါး - ဘဲလွှ - ဆွောင်းဒို - ငါမွာလ် - မွှန်ပီး- ဇောလ်နိုး - ဇောင်ကောင်းလမ်းသည် Class (A) ဦးစားပေးအဆင့် (၂)တွင် ပါဝင်ပါကြောင်း၊ လတ်တလောတွင် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ထားပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်နောက်ပိုင်းကာလများတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဆိတ္ထိန်း- ကမ်းဖြူ - ငှါသရောက်မြို့ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာနှစ်အလိုက်ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆိတ္ထိန်း - ကမ်းဖြူ - ငှါသရောက်ကျောက်ချောလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)တွင် ပါဝင်သည့်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်းအဆင့် ၂ မိုင် ၃ ဖာလုံ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသည့် ကျောက်ချောလမ်းပိုင်းကို လာမည့်ဘဏ္ဍာနှစ်များတွင် နှစ်အလိုက် ရန်ပုံငွေများတင်ပြ၍ ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ပင်းတယမြို့နယ်၌ ဓာတ်ခွဲခန်းအသစ် ဖွင့်လှစ်သွားနိုင်မည့် အစီအစဉ် မရှိသေး

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ **ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် စိုက်ပျိုးသီးနှံထွက်ကုန်များအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်များသည် တောင်ကြီးမြို့နှင့် ခရီးကွာဝေးခြင်းမရှိဘဲ သွားရောက်ရန် အခက်အခဲမရှိသည့်အလျောက် တောင်ကြီးမြို့ရှိ ဓာတ်ခွဲခန်းသို့ သွားရောက် ဓာတ်ခွဲစမ်းသပ်နိုင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးထွက်ကုန်သီးနှံများကို စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်း(၁)ခု အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန် အနေအထားမှာ မြေနေရာ၊ အဆောက်အအုံ၊ ဓာတ်ခွဲခန်းသုံးပစ္စည်း ကိရိယာများ၊ ဓာတုပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်မှုနှင့် ကျွမ်းကျင်ပညာရှင်မွေးထုတ်မှု စသည်ဖြင့် လိုအပ်ချက်များ ဖြည့်ဆည်းရန်ရှိနေသည့်အလျောက် လတ်တလောတွင် ပင်းတယမြို့နယ်၌ ဓာတ်ခွဲခန်းအသစ် ဖွင့်လှစ်သွားနိုင်မည့် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ငါးဖားကျေးရွာအုပ်စု အင်းမကျေးရွာအနီး ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက်လမ်းပေါ်ရှိ အင်းမတံတား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်အတွင်းရှိ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန်လမ်းပိုင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ လှမ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တောကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့်သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မွန်ပြည်နယ် မော်လမြိုင်မြို့ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေတို့ဖြင့် ဆောက်ရွက်နေသည့် ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းမှ မြို့တွင်းရေပေးဝေရေးလုပ်ငန်းမှာ မည်သည့်အဆင့်ရောက်ရှိနေပြီး မည်သည့်အချိန်တွင် ပြည်သူများအတွက် သန့်ရှင်းရေရရှိရေး မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ **မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိုးချည်စီမံကိန်းခြံ၏ မြေဧရိယာ(၁၁၂)ဧကကို ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခြင်းစာချုပ် ပျက်ပြယ်စေသည့် ချိုးဖောက်ချက်များအရ ဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူ၍ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုးချည်လုပ်ငန်းအား ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **သမဝါယမပိုင်လုပ်ငန်း (၆)ခုမှ ယခင်ကနိုင်ငံတော်သို့ State Income ပေးသွင်းနေသော်လည်း ယခုအခါတွင် အသင်းဌာနများ အကျိုးရှိစေရန် အကြောင်းပြပြီးပေးသွင်းခြင်း မပြုတော့သည့် ယင်းလုပ်ငန်း (၆)ခုအား စနစ်တကျထိန်းသိမ်းထားမှု ရှိ၊ မရှိ နှင့် နှစ်စဉ်အကျိုးမည်မျှရှိသည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**သည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော် (သတင်းစဉ်)**

---

☆စာမျက်နှာ ၇ မှ

စိုက်ထုတ်ရမှုများပြားခြင်းနှင့် Controlled Landfill စနစ်ဖြင့် အမှိုက်များ စုပုံနိုင်ရန် မြေနေရာလုံလောက်မှုရှိနေသေးခြင်းတို့ကြောင့် အမှိုက်ခွဲခြားစက်၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ရေရှည်စီမံကိန်းဖြင့်သာ ဆက်လက်၍ အဆင့်ဆင့်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေးနှင့် အမှိုက်စွန့်ပစ်ရန် နေရာခက်ခဲသော မြို့ကြီးများတွင် Waste to Energy Plant များ ထူထောင်ဆောင်ရွက်သင့်သော်လည်း အမှိုက်စွန့်ပစ်ရန် မြေနေရာရရှိနိုင်သော မြို့များတွင် ဘဏ္ဍာငွေကြေးအသုံးစရိတ် ထိန်းညှိနိုင်ရန် Controlled Landfill များ အသုံးပြုခြင်းသည် အချိန်အတိုင်းအတာတစ်ခုအထိ သင့်လျော်နေမည်ဖြစ်ပါကြောင်း၊ ယခုအခါ ရန်ကုန်မြို့တွင် Waste to Energy Plant Pilot Project လော်ကားစက်ရုံတည်ထောင်ပြီး လည်ပတ်ဆောင်ရွက်နေခြင်း၊ လှိုင်သာယာထိန်ပင်စွန့်ပစ်အမှိုက်ပုံတွင် တန်ချိန် ၁၀၀၀ ခန့်ကို Mechanical Biological Treatment နည်းစဉ်ဖြင့် ပိုလန်နိုင်ငံ၏ ODA အထောက်အပံ့ဖြင့် Feasibility Study လုပ်ဆောင်နေခြင်း၊ မန္တလေး၊ စစ်ကိုင်း၊ ထားဝယ်နှင့် မော်လမြိုင်မြို့တို့တွင် ဘဏ္ဍာရေးအခြေအနေနှင့်အညီ ရေရှည်စီမံကိန်းများ စနစ်တကျချမှတ်၍ Waste to Energy Plant များ တည်ဆောက်နိုင်ရေး၊ အမှိုက်များမီးရှို့ဖျက်ဆီးနိုင်ရေးတို့ကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရှိ၍ စောင့်ကြည့်ပေးနိုင်ပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်နှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်သွားရမည်**

အစည်းအဝေးတွင် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့အစည်းအဝေးသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဥပဒေရေးဆွဲပြီးဖြစ်သည့်အတွက် နည်းဥပဒေ ဆက်လက်ပေါ်ထွက်ရေးကို အချိန်တိုတိုနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေကို တစ်ပိုဒ်ချင်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Mr. Teodoro L. Locsin, Jr. တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြသည်။




အစည်းအဝေးတွင် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်း အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးနှင့် အပြန်အလှန်အကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ဝန်ကြီးနှစ်ဦးသည် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Eduardo E. Kapunan, Jr. တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ (ဓါတ်ပုံ)

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**




✻ **ရှေ့ဖုံးမှ**

ရှန်ဟိုင်း၏ စားသောက်ကုန် ၉၀ ရာခိုင်နှုန်းကို ၎င်းတို့၏ ပြည်နယ်များနှင့် အခြားနိုင်ငံများက တင်သွင်းနေရခြင်းကြောင့် ယင်းတို့၏ စားသောက်ကုန်ကဏ္ဍနယ်ပယ်သို့ ဝင်ရောက်နိုင်ရန် မြန်မာနိုင်ငံသို့ ရှန်ဟိုင်းဒုတိယမြို့တော်ဝန် လာရောက်သည့် ခရီးစဉ်အတွင်း ယင်းကဲ့သို့ တင်ပို့နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယူနန်ပြည်နယ်အစိုးရအဖွဲ့နှင့်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ရန်နှင့် ဈေးကွက်သေချာနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်မှ ထွက်ရှိလာသည့် ကုန်ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဂိတ်များမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဖက်နိုင်ငံက ဝယ်ယူမည့်သူမရှိသည့် အချိန်မျိုးတွင် သိမ်းထားရန်နေရာမရှိသည့်အတွက် ရသည့်ဈေးနှုန်းဖြင့် ရောင်းချရခြင်းကြောင့် မြန်မာကုန်သည်များအတွက် ထိခိုက်နစ်နာမှုများ မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်က ထုတ်ကုန်အများစုကို စနစ်တကျထုတ်လုပ်နိုင်မယ်ဆိုရင် စားသောက်ကုန်နဲ့ပတ်သက်ပြီး တရုတ်ပြည်ဈေးကွက်ဟာ လူဦးရေများပြားလာသော ဈေးကွက်ကြီးဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ နယ်စပ်ချင်းလည်း ထိစပ်နေတာရှိတယ်။ ဒီနေရာကို ကားလမ်းတွေကနေတစ်ဆင့် border trade လည်း လုပ်နိုင်သလို ရေကြောင်း၊ လေကြောင်းတွေကလည်း တင်ပို့နိုင်တဲ့ အခြေအနေရှိတဲ့အတွက် ရန်ကုန်မှာ ဒီဈေးကွက်ကြီးကို ထူထောင်ပြီး တင်ပို့နိုင်ဖို့အတွက် ကျွန်တော်တို့ ညှိနှိုင်းနေပါတယ်" ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အရောင်းအဝယ်ပြုလုပ်ပြီးမှသာ နယ်စပ်ဂိတ်များသို့ ကုန်စည်သယ်သွားနိုင်သည့် အခြေအနေမျိုးကို ပြောင်းလဲနိုင်ရန်အတွက် ရန်ကုန်ဈေးကွက်ကို ပိုမိုတိုးချဲ့လုပ်ဆောင်ရန် ပြင်ဆင်နေပြီး မြန်မာ-တရုတ် စီးပွားရေးစင်္ကြံတွင်လည်း အဆိုပါကိစ္စကို ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတစ်ခုလုံးကို အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် မျိုးစေ့မှ မြေပြုပြင်ခြင်းမှစ၍ စိုက်ပျိုးသည်အထိ သွင်းအားစုများကို သွင်းမည့်နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကိုပါ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့သွားရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးယမုံ**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် အသိပညာပေးလုပ်ငန်းများ၊ တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်မှုများတွင် တွေ့ကြုံရသော အခက်အခဲများနှင့် တိုးတက်မှုအခြေအနေများ နိုင်ငံတကာ အဖွဲ့အစည်းများတွင် ဌာနတွင်းစစ်ဆေးရေးလုပ်ငန်းများ၏ အောင်မြင်ထိရောက်မှုရှိပုံများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်အား လက်ခံတွေ့ဆုံစဉ်။

## လိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါ၍ ကြိုတင်သိရှိ ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | ဟိုပင်၊ ရွှေကူ |
| ၃။ | ကယားပြည်နယ် | ဒီမော့ဆို၊ ဖရူဆို |
| ၄။ | ကရင်ပြည်နယ် | ငါးတိုင်ကျေးရွာ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | အရာတော်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ခင်ဦး၊ ဗန်းမောက်၊ |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကြို့ပင်ကောက်၊ သဲကုန်း |
| ၇။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ မင်းတပ်၊ မတူပီ၊ ငဖဲ၊ အောင်လံ၊ ဆင်ပေါင်ဝဲ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ သာစည်၊ နွားထိုးကြီး၊ ပျော်ဘွယ် |
| ၉။ | မွန်ပြည်နယ် | ပေါင် |
| ၁၀။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ် |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ပင်းတယ၊ လင်းခေး၊ မိုင်းဖြတ် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | အိမ်မဲ၊ ပန်းတနော်၊ လေးမျက်နှာ၊ အင်္ဂပူ၊ ဘိုကလေး |

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝိုင်းဝန်းအကြံပြု**

အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ငါးနှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၂၂ ၏ တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အမေရိကန်နိုင်ငံက နှစ်စဉ်ထုတ်ပြန်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုသည် ၂၀၁၇ ခုနှစ်တွင် Tier 2 Watch list အဆင့်မှ ၂၀၁၈ ခုနှစ်တွင် အနိမ့်ဆုံးအဆင့်ဖြစ်သည့် Tier 3 အဆင့် သတ်မှတ်ခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကိုရှေးရှု၍ Tier 2 အဆင့်သို့ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အမေရိကန် TIP Report နှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား သက်ဆိုင်ရာဌာနအချင်းချင်း အသေးစိတ်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်သည့် အတိုင်းအတာအားလုံးကို သိရှိမြင်တွေ့နိုင်စေရေး အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဝိုင်းဝန်းအကြံပြုကြရန် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူးက လူကုန်ကူးမှုတရားစွဲတင်နိုင်မှု၊ လူကုန်ကူးမှုပြစ်ဒဏ်ချမှတ်မှု၊ လူကုန်ကူးမှုများ တရားစွဲတင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ ဖြစ်ကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လူကုန်ကူးခံရသူများအတွက် ပြန်လည်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးအစီအစဉ်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ **သတင်းစဉ်**

# နေပြည်တော်တွင် အပေးအယူရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများ ဆက်လက်ရိုက်ကူး

**နေပြည်တော် မေ ၂၂**
ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)ရိုက်ကူးလျက်ရှိသော အပေးအယူ ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ လမ်းမကြီးပေါ်နှင့် မင်္ဂလာသီရိဟိုတယ်တွင် ဆက်လက်ရိုက်ကူးလျက်ရှိသည်။



ယနေ့တွင် နေပြည်တော် အနီးတစ်ဝိုက်ရှိ ပြောင်းစိုက်ခင်းများ၊ ဟိုတယ်ဇုန်နှင့် ဂျန်းရှင်းစင်တာတို့တွင် ဆက်လက်ရိုက်ကူးနေခြင်းဖြစ်သည်။

**ဆက်လက်ရိုက်ကူးသွားမည်**

“ဒီနေ့ မနက်ပိုင်းမှာ ကျွန်တော် လေဆိပ်ဘက်ကို သွားရင်း လမ်းမှာတွေ့တဲ့ ပြောင်းခင်းနားမှာ သွားရိုက်ခဲ့ပါတယ်။ ပထမ နှင်းဆီခင်းထဲမှာရိုက်မလို့ စီစဉ်ထားပေမယ့် နှင်းဆီခင်းက ဇာတ်ကားတိုင်းလိုလိုမှာပါတော့ အခု ပြောင်းခင်းထဲမှာ ရိုက်ဖြစ်တယ်။ မနက်ခင်း နေရောင်ခြည်နဲ့ ပြောင်းခင်းနဲ့ အင်မတန်လှပတဲ့ ရှုခင်းတွေကို ရိုက်ခဲ့ပါတယ်။ ရိုက်ကွင်းအနေနဲ့ဆိုရင် နေပြည်တော်တစ်မြို့လုံးကို သဘောကျတယ်။ ဟိုတစ်လောက ဗုဒ္ဓဂယာဘက်ကို သွားတဲ့လမ်းမှာ တောင်တန်းတွေရဲ့ကြားမှာရှိတဲ့ ဘုရားကလည်း အလွန်သပ္ပာယ်ပါတယ်။ အဲဒီရှုခင်းကိုလည်း တော်တော်သဘောကျပါတယ်။ နောက်ထပ်ရိုက်မယ့် ဇာတ်ကားကိုလည်း နေပြည်တော်မှာပဲ အစအဆုံးရိုက်မှာပါ။ ဒီနေ့မှာတော့ နေပြည်တော် ဟိုတယ်ဇုန်လမ်းမကြီးပေါ်နဲ့ မင်္ဂလာသီရိဟိုတယ်မှာပဲ ရိုက်ဖြစ်မှာပါ” ဟု ဒါရိုက်တာစတီးလ်က ပြောသည်။

ကိုလင်းထွန်း စီစဉ်ပြီး Life + ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)ရိုက်ကူးသော “အပေးအယူ” ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို နေပြည်တော်တွင် မေ ၂၀ ရက်မှ ၂၅ ရက်အထိ ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်၏ဇာတ်ဝင်ခန်းအချို့ကို မန္တလေး၊ ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပရိသတ်ကို ဦးထိပ်ပန်ဆင်**

“ကျွန်တော်တို့နဲ့ ပရိသတ်က မိသားစုဝင်တွေလိုဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကတော့ ပရိသတ်ကို အမြဲတမ်း ဦးထိပ်ပန်ဆင်ပါတယ်။ ဒီဇာတ်ကားလေး ရိုက်ကူးပြီးတဲ့အခါကျရင် ပရိသတ်တွေလာကြည့်ပါ။ ဒီမှာပေးချင်တဲ့မက်ဆေ့က လူငယ်တွေဟာ One Way ပဲ မြင်ကြတဲ့အတွက် အမှားတွေနဲ့ရင်ဆိုင်ရမယ်။ အဲဒါတွေ မဖြစ်ဖို့အတွက် ဒီဇာတ်ကားလေးနဲ့ မက်ဆေ့ပေးချင်တဲ့ သဘောပါပဲ။ ဒါကြောင့် ဒီဇာတ်ကားလေးကို လာကြည့်ဖို့အတွက်ဖိတ်ခေါ်ပါတယ်”ဟု ဒါရိုက်တာစတီးလ်က ပြောသည်။

**သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်**
**ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**




## ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

အခမ်းအနားတွင် အလှူရှင် သုခမ္မသီဂီဒေါ်လယ်လယ်အောင်(ခ)Linda Hla (ခ)တေးသံရှင်ကြာညိုသွယ် က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀ နှင့် ပရိယတ္တိစာအောင် ဆုငွေပေးဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ

**စစ်တွေ မေ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Fillippo Grandi အား ယနေ့မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရနှင့် UNHCR, UNDP တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှု စာချွန်လွှာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် သက်တမ်းတိုးမြှင့်ရေး၊ နေရပ်စွန့်ခွာသူများပြန်လည် လက်ခံရေး၊ NVC ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ ကျယ်ပြန့်စွာသိရှိနိုင်ရေး၊ တိုက်ပွဲရှောင်ပြည်သူများအရေး နှင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Fillippo Grandi သည် စစ်တွေ မြို့နယ်အတွင်းရှိ ဆေးသမားကြီး IDP စခန်းနှင့် ခေါင်းဒုက္ကာ(၂) IDP စခန်းတို့သို့ သွားရောက်လေ့လာ ကြည့်ရှုသည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးညှိနှိုင်းအစည်း အဝေးကို ရန်ကုန်မြို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်များ ဦးစီးဌာန ရန်ကုန်ရုံးခွဲ၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးကြည်မင်းက ယနေ့တွင် နိုင်ငံတကာနှင့် ပြည်တွင်း ပညာရှင်များက ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အပြီးရေးသားတင်ပြရမည့် Nomination Dossier (Draft) အဆိုပြုစာ(မူကြမ်း) အချိန်မီပြီးစီးနိုင်ရေးနှင့် အမွေအနှစ်ဒေသတွင်း Management Plan ရေးဆွဲခြင်း လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန်၊ သက်ဆိုင်ရာကော်မတီ၊ ပညာရှင်များနှင့် ဆပ်ကော်မတီအသီးသီးအား တိုက်တွန်း လိုပါကြောင်း၊ ပံ့ပိုးကူညီသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် အီတလီနိုင်ငံတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်များဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဦးလွင်က "ပထမအပိုင်းက အမျိုးသား အမွေအနှစ်အနေနဲ့ ပုဂံကို အမျိုးသားအမွေအနှစ်ဒေသ အဖြစ် သတ်မှတ်ထားပါတယ်။ မြောက်ဦးကိုလည်း အခု



အမျိုးသားအမွေအနှစ်အဖြစ် ဥပဒေအရ သတ်မှတ်ဖို့ တင်ပြထားပါတယ်။ တစ်ဆက်တည်းမှာပဲ ကမ္ဘာ့အမွေအနှစ် အဆင့်ဝင်ရင် နိုင်ငံတကာကသိလာမယ်။ နိုင်ငံတကာ ခရီးသွားဝက်ဘ်ဆိုက်၊ UNESCO ဝက်ဘ်ဆိုက်တွေမှာ ထည့်သွင်းဖော်ပြခံရရင် ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ ဖြိုးလာမယ်။ အလားတူပဲ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုအမွေ အနှစ်တွေကို ကမ္ဘာက ပိုမိုသိရှိပြီးတော့ ထိန်းသိမ်းရေး လုပ်ငန်းတွေမှာလည်း ပညာရှင်တွေနဲ့ အထောက်အကူ ပစ္စည်းတွေ၊ ပညာရပ်ဆိုင်ရာတွေ ရလာနိုင်တယ်။ အဘက်ဘက်က အကျိုးရှိတဲ့အတွက် ကမ္ဘာ့အမွေအနှစ် အဖြစ် တင်ပြဖို့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခု တင်သွင်းဖို့ ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးပါပြီ။ ဇူလိုင်လကုန်မှာ ရာနှုန်းပြည့်ပြီးစီးမှာပါ။ ကမ္ဘာ့အမွေ အနှစ်စင်တာက သတ်မှတ်ထားတဲ့ အခုနှစ် စက်တင်ဘာ ၃၀ ရက်မှာ တင်သွင်းနိုင်မယ်ဆိုရင် ရှေ့နှစ်ထဲမှာ လာရောက် စစ်ဆေးမယ်၊ ၂၀၂၁ ခုနှစ်မှာ ရနိုင်မှာဖြစ်ပါတယ်"ဟု ပြောသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် UNESCO မှ ကျွမ်းကျင်ပညာရှင် Ms. Shikha Jain နှင့် Mr. Kai Weise တို့က မြောက်ဦး ယဉ်ကျေးမှုဒေသထိန်းသိမ်းရေးစီမံကိန်း ရေးဆွဲဆောင်ရွက် နေမှုများနှင့်ပတ်သက်၍ ပုဂံမြို့၊ ပျူမြို့၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ရှေးဟောင်းမြို့တည်ဆောက် ပုံများနှင့် နှိုင်းယှဉ်ကာ မြောက်ဦးယဉ်ကျေးမှုဇုန် နယ်နိမိတ် သတ်မှတ်ရေးနှင့် မြေယာစီမံခန့်ခွဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူထုစီမံခန့်ခွဲရေး၊ ဘေးအန္တရာယ် စီမံ ခန့်ခွဲရေး၊ ခရီးသွားစီမံခန့်ခွဲရေးလုပ်ငန်းစဉ် ရှစ်ချက်နှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ဆောင်ရွက်ရေး၊ အသိ ပညာပေးရေး၊ ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့များအကြား သတင်းအချက်အလက်ဖလှယ်ရေးနှင့် ရှေ့ဆောင်ရွက် မည့် မဟာဗျူဟာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြ သည်။

**တက်ရောက်**

ရခိုင်ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းက မြောက်ဦးဒေသ ရေရှည်စီမံခန့်ခွဲရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများအကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်ပေးနေပြီး ယခုရေးဆွဲနေသည့် Nomination Dossier(Draft) နှင့် Management Plan ပါ အချက် ရှစ်ချက်ကို အခြေခံပြီး မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် ဒေသ၏ Master Plan ဖြစ်လာနိုင်ကြောင်း ပြောကြား သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်တိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ အီတလီနိုင်ငံမှ AICS၊ World Bank၊ UNESCO နှင့် ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ ကော်မတီ၊ ဆပ်ကော်မတီများမှ ကော်မတီဝင်ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာမှကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး ဒေသအမွေအနှစ်ချစ်မြတ်နိုးကြသူများ တက်ရောက် ဆွေးနွေးကြသည်။

**သတင်းစဉ်**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာရှင်များက အကများဖြင့် ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် မေ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင် များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ မေ ၂၅ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ ပဒေသာယိမ်းအကများ၊ အာဆီယံနိုင်ငံများမှ အကများနှင့် အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေနိုင်စေရန်အတွက် ဖျော်ဖြေတင်ဆက်မည် ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိ အမျိုးအစားကိုရယူ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီ ပုထိုးများ၊ အထိမ်းအမှတ်အဆောက်အဦများ၊ ရေမြေတောတောင် သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာအစားအစာများ စသည်တို့ဖြင့် စိတ်ဝင်စားဖွယ် တည်ဆောက်ပြသထားသည်။

**မောင်လှမော်**

# အင်ဒိုနီးရှား ရွေးကောက်ပွဲရလဒ်အား အတိုက်အခံခေါင်းဆောင်ထောက်ခံသူများ ကန့်ကွက်

**ဂျကာတာ မေ ၂၂**

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးနောက် အတိုက်အခံခေါင်းဆောင် ပရာဘိုဝို ဆူဘီယန်တိုက သမ္မတ ဂျိုကိုဝီဒိုဒို အနိုင်ရရှိမှုကိုပယ်ချခဲ့ရာ နိုင်ငံအတွင်း ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုကို ဆန့်ကျင်ကြောင်း အတိုက်အခံခေါင်းဆောင်အား ထောက်ခံကြသည့် ပြည်သူများက ဆန္ဒထုတ်ဖော်ကန့်ကွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အတိုက်အခံခေါင်းဆောင်အား ထောက်ခံသူပြည်သူများက ရွေးကောက်ပွဲကော်မရှင်ရုံးရှေ့တွင် စုဝေးကာ ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုကို ကျေနပ်မှုမရှိကြောင်း ဆန္ဒထုတ်ဖော်လျက်ရှိသည်။ ထို့နောက် မေ ၂၁ ရက် ညပိုင်းတွင် ဆန္ဒထုတ်ဖော်မှုမှ လူထုအုံကြွမှုအသွင်ပြောင်းလဲကာ ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးအရာရှိများအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ပြီး လူခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်သူအချို့က ရွေးကောက်ပွဲကော်မရှင်ရုံးအနီး လုံခြုံရေးတာဝန်ယူထားကြသည့် လုံခြုံရေးအရာရှိများအား မီးရှူးမီးပန်းများ၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ရဲကားများအပါအဝင် မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သည်။ လက်ရှိအချိန်တွင် အာဏာပိုင်များက မင်းမဲ့စရိုက်ဆန်ဆန်ပြုမူခဲ့ကြသူ ၇၀ နီးပါးကို ဖမ်းဆီးထားကြောင်း သိရသည်။ အမေရိကန်၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံတို့က အင်ဒိုနီးရှားနိုင်ငံအတွင်း အလည်အပတ်ရောက်ရှိနေသော ၎င်းတို့၏ နိုင်ငံသားများအား အဆိုပါအုံကြွမှုတွင် ပါဝင်မှုမရှိစေရန် သတိပေးပြောကြားထားသည်။

အာဏာပိုင်များကလည်း ယခုလူထုအုံကြွမှုနှင့် ပတ်သက်ပြီး အွန်လိုင်းစာမျက်နှာများတွင် သတင်းအမှားများ ဖြန့်ခြင်းမပြုကြရန် မီဒီယာသို့ ပြောကြားခဲ့ကြောင်း သိရသည်။






အဓိကရုဏ်းဖြစ်ပွားမှုကြောင့် သေနတ်ဒဏ်ရာရရှိသူများအပါအဝင် ထိခိုက်ဒဏ်ရာရရှိသူ ၂၀၀ ခန့်ရှိကြောင်း ဂျကာတာမြို့တော် အုပ်ချုပ်ရေးမှူး အန်နီးစ်ဘာဆူဒန်က ဆိုသည်။

မေ ၂၂ ရက်တွင် အတိုက်အခံခေါင်းဆောင် ပရာဘိုဝို ဆူဘီယန်တိုက မင်းမဲ့စရိုက်ဆန်ဆန်ပြုမူမှုများနှင့် အဓိကရုဏ်းဖြစ်ပွားမှုများကို ရပ်တန့်ကြရန် ၎င်းအားထောက်ခံသူပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်သူ မည်သူမဆို သည်းခံမည်မဟုတ်ကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။ ကာကွယ်ရေးတပ်ဖွဲ့နှင့် ရဲအရာရှိများက ပြစ်မှုကျူးလွန်သူများအား တည်ဆဲဥပဒေအရ ဖမ်းဆီးထိန်းသိမ်းထားမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ဆက်လက်ပြောကြားခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်က ရလဒ်များကို မေ ၂၁ ရက်တွင် ကြေညာခဲ့သည်။ သမ္မတ ဂျိုကိုဝီဒိုဒိုက ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းနှင့် အတိုက်အခံခေါင်းဆောင် ပရာဘိုဝို ဆူဘီယန်တိုက ၄၄ ရာခိုင်နှုန်းရရှိခဲ့ကြသည်။

ပရာဘိုဝို ဆူဘီယန်တိုက ရွေးကောက်ပွဲရလဒ်များကို တရားမျှတစွာဆုံးဖြတ်ပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားမည်ဖြစ်သည်။

ယခု ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် ပွင့်လင်းမြင်သာမှုရှိပြီး မှန်ကန်မှုရှိသည်ဟု နိုင်ငံ၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ထောက်ခံပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်ဦးဆောင်သည့် စီးပွားရေးဆိုင်ရာ အစည်းအဝေး ပါလက်စတိုင်း သပိတ်မှောက်မည်ဟု ဆို

**ဂါဇာစီးတီး မေ ၂၂**

ပါလက်စတိုင်းနိုင်ငံသားများအား အကူအညီပေးရန် ရည်မှန်းချက်ဖြင့် အမေရိကန်က ဦးဆောင်ပြုလုပ်သည့် ညီလာခံကို သပိတ်မှောက်မည်ဖြစ်ကြောင်း ပါလက်စတိုင်းခေါင်းဆောင်က ပြောကြားမည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**အန္တိမသဘောတူညီမှု**

ယင်းညီလာခံကို အမေရိကန်က ဘာရိန်းနိုင်ငံမြို့တော် ပနားမားတွင် ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းညီလာခံကို ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား ငြိမ်းချမ်းရေးအတွက် အမေရိကန် သမ္မတဒေါ်နယ်ထရန့်က ဆော်သြနေသည့် အန္တိမသဘောတူညီမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင်းရှိ နိုင်ငံများမှ အစိုးရများနှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များအား ယင်းညီလာခံကို တက်ရောက်ကြရန် ထရန့်အစိုးရက တိုက်တွန်းထားသည်။

ယင်းညီလာခံသို့ တက်ရောက်မည်မဟုတ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူတို့က ငြင်းဆိုထားပြီး နိုင်ငံရေးကိစ္စဖြစ်သည့် ၎င်းတို့၏ ပိုင်နက်နယ်မြေများကို အစ္စရေးက သိမ်းယူထားမှုများကို ပထမဦးစွာ ဖြေရှင်းပေးရမည်ဟု ပြောကြားခဲ့သည်။ ယင်းညီလာခံသို့ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့က မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

စီးပွားရေးနှင့် စီမံကိန်းဌာန ဝန်ကြီး မိုဟာမက် အယ်လ်တူဝါဂျီရီအား ညီလာခံသို့ စေလွှတ်မည်ဟု ဆော်ဒီအာရေဗျနိုင်ငံက ပြောကြားသည်။ ပါလက်စတိုင်းတို့ ခံစားနေရမှုများ ဖြေလျှော့ရေးအတွက် ကြိုးပမ်းရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီး ထောက်ကူမှုပြုသွားမည်ဟု အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)က ပြောကြားသည်။

အခြားသော အာရပ်နိုင်ငံများကလည်း ဆော်ဒီအာရေဗျနိုင်ငံကဲ့သို့ပင် ညီလာခံသို့တက်ရောက်ရန် ဆုံးဖြတ်ဖွယ်ရှိကြောင်း လေ့လာသူများက ပြောကြားပြီး ပါလက်စတိုင်းမှာ အထီးကျန်ဖြစ်သွားနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်ရှာတာယာ

# အီဂျစ်နှင့် ပြင်သစ်ရေတပ်ဖွဲ့များ မြေထဲပင်လယ်တွင် ပူးတွဲစစ်ရေးလေ့ကျင့်

**ကိုင်ရို မေ ၂၂**

အီဂျစ်နှင့် ပြင်သစ်ရေတပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မေ ၂၁ ရက်တွင် မြေထဲပင်လယ်၌ ပြုလုပ်ခဲ့ကြောင်း အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

အီဂျစ်လက်နက်ကိုင်တပ်ဖွဲ့များက ချမှတ်ထားသည့် မဟာမိတ်နိုင်ငံများနှင့် စစ်ရေးဆက်ဆံမှုတိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဟူသော မူဘောင်အရ ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစစ်ရေးလေ့ကျင့်မှုတွင် အီဂျစ်ရေတပ် တပ်ဖွဲ့ဝင်များနှင့်အတူ ပြင်သစ်ရေတပ်မှ ဖရီးဂိတ်စစ်ရေယာဉ် ဆာကော့ဖ် ပါဝင်လေ့ကျင့်သည်။

ရေယာဉ်စုဖွဲ့စည်းမောင်းနှင်မှုကို လက်တွေ့လုပ်ဆောင်ခြင်း၊ ရန်သူ့ပစ်မှတ်များကို တန်ပြန်တိုက်ခိုက်ခြင်းနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို တွန်းလှန်ခြင်းနှင့် ရေယာဉ်များအား စစ်ဆေးခြင်းစသော ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာလေ့ကျင့်မှုများကို ယင်းစစ်ရေးလေ့ကျင့်မှုအတွင်း လုပ်ဆောင်ကြသည်။

အီဂျစ်နိုင်ငံသည် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် အတွေ့အကြုံများ ဖလှယ်ရေးအတွက် စစ်ရေးလေ့ကျင့်မှုများကို အာရပ်၊ အာဖရိကနှင့် အနောက်အုပ်စုနိုင်ငံများနှင့် စစ်ရေးပူးတွဲလေ့ကျင့်မှုများကို ပုံမှန်လုပ်ဆောင်လျက်ရှိသည်။

လွန်ခဲ့သောနှစ်များအတွင်း အီဂျစ်နှင့်ပြင်သစ်နိုင်ငံတို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ပြင်သစ်နိုင်ငံမှ တန်ဖိုးအမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့်စီရှိသည့် မစ်ထရယ်အမျိုးအစား စစ်ရေယာဉ် နှစ်စင်းဝယ်ယူရန် အီဂျစ်နှင့်ပြင်သစ်နိုင်ငံတို့ ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစစ်ရေယာဉ်များကို ပြင်သစ်နိုင်ငံက အီဂျစ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလများတွင် ပေးပို့ခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်းက အီဂျစ်နှင့် ပြင်သစ်နိုင်ငံတို့ချုပ်ဆိုခဲ့သည့် ကန်ထရိုက်စာချုပ်အရ ပြင်သစ်နိုင်ငံက အီဂျစ်နိုင်ငံအား ရာဖဲလ် အမျိုးအစား ဂျက်တိုက်လေယာဉ် ၂၄ စင်းကို အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ကျော်ဖြင့် ရောင်းချခဲ့ပြီး လက်ရှိတွင် အဆိုပါအမျိုးအစား ဂျက်တိုက်လေယာဉ် ၁၁ စင်းကို အီဂျစ်နိုင်ငံက လက်ခံရရှိပြီးဖြစ်သည်။ **ဆင်ဟွာ**

# အမေရိကန် လေတပ်အကြီးအကဲအဖြစ် အမျိုးသမီးတစ်ဦး ထရန့်အဆိုပြု



**ဝါရှင်တန်  မေ ၂၂**
အမေရိကန်ပြည်ထောင်စု၏ သံအမတ်ဟောင်းလည်းဖြစ် အရီဇိုးနားပြည်နယ်၏ စီးပွားရေးလုပ်ငန်းရှင်လည်းဖြစ်သူ အမျိုးသမီးတစ်ဦးကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်လေတပ်အကြီးအကဲ ရာထူးနေရာအတွက် မေ ၂၂ ရက်တွင် အဆိုပြုလိုက်သည်။

အသက် ၆၈ နှစ်အရွယ် ဘာဘရာ ဘာရက်သ်ဆိုသူသည် အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ် လက်အောက် တွင် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဖင်လန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့အပြင် သူမသည် အမေရိကန်လေယာဉ်ကုမ္ပဏီ၏ လေယာဉ်ပညာရပ်ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာတွင် ၂၀၁၇ ခုနှစ်အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

"ၾင်းဟာ အရည်အချင်းရှိသူတစ်ဦး ဖြစ်လိမ့်မယ်"ဟု သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ယခင်က ရှေ့နေတစ်ဦးနှင့် လေယာဉ်ပုံစံသစ် စမ်းသပ်မောင်းနှင်သည့် လေယာဉ်မှူးတစ်ဦးဖြစ်သူ ဘာရက်သ်သည် အမေရိကန်တပ်မတော်အတွက် သုတေသနလုပ်ငန်းများနှင့် ဆန်းစစ်လေ့လာမှုများကို ပံ့ပိုးပေးလျက်ရှိသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအကြံပေးကုမ္ပဏီ "ရန့်"တွင်လည်း ဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူတစ်ဦးဖြစ်သည်။

ဘာရက်သ်နှင့် ခင်ပွန်း ကရိုက်တို့သည် ရီပတ်ဗလီကင်ပါတီအတွက် အဓိက အလှူရှင်များဖြစ်သည်။ ဘာရက်သ်သည် အရီဇိုးနားပြည်နယ်၏ မြို့တော်ဝန်ရာထူးနေရာကို ရီပတ်ဗလီကင်ပါတီ အမှတ်တံဆိပ်ဖြင့် ၁၉၉၄ ခုနှစ်တွင် ပထမဦးဆုံး အမျိုးသမီးတစ်ဦးအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

အကယ်၍ ဘာရက်သ်သည် လေတပ်အကြီးအကဲအဖြစ် အတည်ပြုခြင်းခံရပါက လက်ရှိလေတပ်အကြီးအကဲ ဟစ်သာဝီလ်ဆန်၏ ရာထူးနေရာကို ဆက်ခံမည်ဖြစ်သည်။ လက်ရှိ အမေရိကန်လေတပ် အတွင်းရေးမှူး ဝီလ်ဆန်သည် မေ ၃၁ တွင် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**



ပြင်သစ်သမ္မတ အီမာနျူရယ်လ်မက်ခရွန်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့ ၂၀၁၇ ခုနှစ် ဇူလိုင်လက ဂျာမနီနိုင်ငံတွင် ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံစဉ်။

# ကမ္ဘာ့အဓိကပြဿနာရပ်များအရေး မက်ခရွန်၊ မာကယ်နှင့် ပူတင်တို့ တယ်လီဖုန်းဖြင့် ဆွေးနွေး

**ပါရီ  မေ ၂၂**
ပြင်သစ်သမ္မတ အီမာနျူရယ်လ်မက်ခရွန်၊ ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ယူကရိန်းနိုင်ငံအရှေ့ဘက်ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဆီးရီးယားစစ်ပွဲနှင့် အီရန်နျူကလီးယားပြဿနာ အဆုံးသတ်ရေးဆိုင်ရာ နည်းလမ်းများနှင့်ပတ်သက်ပြီး တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း ပြင်သစ်သမ္မတနန်းတော်က ပြောကြားသည်။

ဆွေးနွေးစဉ်အတွင်း ဥရောပခေါင်းဆောင်နှစ်ဦးက ရုရှားနှင့်ဥရောပတို့၏ဆက်ဆံရေးကို ထိခိုက်စေသည့် ယူကရိန်းနိုင်ငံအရှေ့ဘက် ပဋိပက္ခအဆုံးသတ်ရေးအတွက် ရွေးချယ်မှုများပြုလုပ်ရန် အချိန်တန်ပြီဟု အလေးအနက် ပြောဆိုခဲ့ကြောင်း ပြင်သစ်သမ္မတနန်းတော်က မေ ၂၁ ရက် ညတွင် ပြုလုပ်သည့် ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

တစ်ဆက်တည်းမှာပင် မက်ခရွန်နှင့် မာကယ်လ်တို့က ရုရှားအစိုးရအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ မြို့တော်မင့်စ်ခ်တွင် ပြုလုပ်သော သဘောတူစာချုပ်ကို အကျိုးဝင်စေရေးအတွက် လိုအပ်သည့် သင့်လျော်သော ညှိနှိုင်းဆွေးနွေးမှုနှင့် ကတိကဝတ်ပြုမှုများကို ပြုလုပ်ရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ထို့အတူ မက်ခရွန်နှင့် မာကယ်လ်တို့က ဆီးရီးယားနိုင်ငံ အနောက်မြောက်ဘက်ရှိ ဆီးရီးယားအစိုးရ၏ နောက်ဆုံး ထိုးစစ်ဆင်မှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း၊ သို့ဖြစ်ရာ ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက်အသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတကာ၏ စည်းမျဉ်းစည်းကမ်းများနှင့် အီဒလစ်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အလေးထား ဆောင်ရွက်ရန် ပူတင်အား မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

ထို့အပြင် လတ်တလော အီရန်နှင့်အမေရိကန်အကြား တင်းမာမှုအရှိန်မြင့်မားလာမှုနှင့်ပတ်သက်၍ မက်ခရွန်၊ မာကယ်လ်နှင့် ပူတင်တို့ ဆွေးနွေးခဲ့ကြရာ ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ထိန်းသိမ်းရေးအပေါ် ၎င်းတို့၏ကတိကဝတ် အပြည့်အဝရှိမှုကို ပြန်ပြောင်းသတိရကြကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် နျူကလီးယားဆိုင်ရာ သဘောတူစာချုပ်သည် နိုင်ငံတကာ နျူကလီးယားလက်နက်မပြန့်ပွားရေးအတွက် အရေးပါသည့် လိုအပ်ချက်တစ်ခုအဖြစ် အဆိုပါသုံးနိုင်ငံက ဖော်ပြကြသည်။

ယခုကဲ့သို့ တင်းမာမှုများ အရှိန်မြင့်မားနေသည့် အခြေအနေမျိုးတွင် တင်းမာမှုအရှိန်မြင့်မားစေမည့်လုပ်ရပ်များကို ရှောင်ရှားကြရန် အရေးကြီးကြောင်း ခေါင်းဆောင်သုံးဦးက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**


# ရှန်ယန်းနန်းတော်ပြတိုက်ရှိ ရှေးခေတ်မျှော်စင် ပြန်လည်ဖွင့်လှစ်

**ရှန်ယန်း  မေ ၂၂**
ရှန်ယန်းနန်းတော်ပြတိုက်ရှိ လူသိများထင်ရှားသော ရှေးခေတ်အဆောက်အအုံတစ်ခုဖြစ်သည့် နှစ်ပေါင်း ၃၀ နီးပါးကြာ ပိတ်ထားသော ဖီးနစ်မျှော်စင်ကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွား ၁၀ ဦးကို ဝင်ရောက်ခွင့်ပြုခဲ့သည်။

ပြန်လည်ဖွင့်လှစ်ပေးရသည့် ရည်ရွယ်ချက်မှာ တော်ဝင်ယဉ်ကျေးမှုကို ပြည်သူများ ပိုမိုသိရှိ နားလည်စေရန်ဖြစ်ကြောင်း ပြတိုက်မှူး လီရှန်နန်က ပြောကြားသည်။ ပြတိုက်အနေဖြင့် ဖီးနစ်မျှော်စင်သို့ နံနက်ပိုင်းတွင် ၁၀ ကြိမ်၊ မွန်းလွဲပိုင်းတွင် ၁၀ ကြိမ် တစ်နေ့လျှင် အကြိမ် ၂၀ သာ လည်ပတ်ခွင့်ပြုမည်ဟု ၎င်းက ပြောကြားသည်။ ကျင်မင်းဆက် ၁၆၂၇ ခုနှစ်နှင့် ၁၆၃၆ ခုနှစ်အတွင်း တည်ဆောက်ခဲ့သည့် မြင်းမိုရ်ပိတ်ခေါင်မိုးပါရှိသော သုံးထပ်အဆောက်အအုံမှာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ယခုအခါ ရှန်ယန်းမြို့တော်ဟုခေါ်ဆိုသည့် ရှန်ကျင်းရှေးဟောင်းမြို့တော်၌ အမြင့်ဆုံးအဆောက်အအုံဖြစ်သည်။

ဘေးအန္တရာယ်ကင်းရေး ဆိုင်ရာအကြောင်းပြချက်များဖြင့် ဖီးနစ်မျှော်စင်၏ ဒုတိယနှင့် တတိယထပ်များသို့ ခရီးသွားများ ဝင်ရောက်ခွင့်ကို ၁၉၉၀ ပြည့်နှစ်ကတည်းက ပိတ်ထားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# မိုးကောင်းမြို့နယ်၌ ကားနှင့်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံး

**မိုးကောင်း မေ ၂၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရေတွင်းကုန်းကျေးရွာအနီး မြစ်ကြီးနား-မန္တလေးကားလမ်းပေါ်၌ မေ ၂၂ ရက် နံနက်ပိုင်းက ကားနှင့်ဆိုင်ကယ်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၈ နာရီခန့်က မိုးကောင်းမြို့နယ် ရေတွင်းကုန်းကျေးရွာအနီး မြစ်ကြီးနား-မန္တလေး ကားလမ်းမိုင်တိုင် ၃၇၁ ကီလိုမီတာနှင့် ၃၇၂ ကီလိုမီတာကြားတွင် မိုးညှင်းမြို့ အောင်သပြေ(၁)ရပ်ကွက်နေ ဦးခင်မောင်ဝင်း မောင်းနှင်လာသည့် YGN-4I/---- WISH ယာဉ်နှင့် မိုးကောင်းမြို့နယ် ဗန်းမောက်ကုန်းကျေးရွာနေ ဦးမြင့်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်တို့ တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဦးမြင့်အောင်၏ ဦးခေါင်းနောက်စေ့နှင့် မျက်နှာတို့တွင် ဒဏ်ရာများရရှိခဲ့ကာ ပင်းဘောတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးခင်မောင်ဝင်းကို ပင်းဘောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ် ၈၁၃ ဒသမ ၄၅၈၄ တန်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသည့် စာရင်းများအရ ကျွန်း ၁၂၂ ဒသမ ၃၇၃၃ တန်၊ သစ်မာ ၁၁၄ ဒသမ ၉၅၆၂ တန်နှင့် အခြားသစ် ၅၇၆ ဒသမ ၁၂၈၉ တန် စုစုပေါင်း ၈၁၃ ဒသမ ၄၅၈၄ တန်၊ ပြစ်မှုကျူးလွန်သူ ၉၇ ဦးနှင့် ယာဉ်/ယန္တရား ၆၁ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိမှုများတွင် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်အတွင်းမှ အခြားသစ် ၅၄ လုံး (၅၄ ဒသမ ၀၃၀၀ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၂**

လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၃၀ ရက်က နယ်မြေအတွင်း လှည့်ကင်းတာဝန်များ ဆောင်ရွက်နေစဉ် လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် သခင်တင့်လမ်းတွင် ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းအရ သူရ၊ မျိုးဝင်း၊ ပြည့်စုံမင်း(ခ) ရာဇာတို့အား တွေ့ရှိစစ်ဆေးရာ ၎င်းတို့သည် ဧပြီလအတွင်းက လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် တောင်ငူလမ်းအနီး၌ ရပ်တန့်ထားသော 125 ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။



ပြစ်မှုကျူးလွန်သူ သူရ၊ မျိုးဝင်း၊ ပြည့်စုံမင်း၊ ကိုသက်၊ ထွန်းထွန်းဦး (ဝဲမှယာ) တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လှိုင်သာယာ မြို့မရဲစခန်းမှူးက ဖမ်းဆီးရမိသူ သူရ၊ မျိုးဝင်း၊ ပြည့်စုံမင်း(ခ)ရာဇာတို့အား အခြားပြစ်မှုများ ကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးရာ ၎င်းတို့နှင့် ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ ကိုသက်(ခ)အရိုး၊ ထွန်းထွန်းဦးတို့နှင့်အတူ ဖေဖော်ဝါရီလအတွင်းက လှိုင်သာယာမြို့နယ် (၆) ရပ်ကွက် နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံး၊ မတ်လအတွင်းက လှိုင်သာယာမြို့နယ် (၈၆)ဂိတ်ဟောင်း လမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီး၊ (၆)ရပ်ကွက် အောင်မြေသာယာကုန်း ဘုရားဝင်း အတွင်း အိပ်ပျော်နေသော လူတစ်ဦးထံမှ ဖုန်းတစ်လုံး၊ ဧပြီလအတွင်းက လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် လမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီး၊ (၆)ရပ်ကွက် အောင်စန္ဒာလမ်းဘေးတွင် ရပ်ထားသော 125 ဆိုင်ကယ်တစ်စီး၊ (၂)ရပ်ကွက် နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံး၊ မေလအတွင်းက လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် ပီမိုးနင်းလမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီးနှင့် (၆)ရပ်ကွက် နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီး ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ ကိုသက်(ခ)အရိုးနှင့် ထွန်းထွန်းဦးတို့ကို ထပ်မံဖမ်းဆီးရမိပြီး ခိုးမှုကျူးလွန်သူများအား တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# သီပေါမြို့နယ် နောင်အန်းကျေးရွာအနီး ခရီးသည်တင်ယာဉ်တိမ်းမှောက်

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး- သီပေါ- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး သီပေါမြို့နယ် နောင်အန်းကျေးရွာအနီး မိုင်တိုင် (၁၁၈/ ၃)တွင် ယနေ့နံနက် ၅ နာရီခွဲက ရန်ကုန်မှ မူဆယ်သို့သွားမည့် ဝင်းမင်းထိုက် မောင်းနှင်လာသော ခရီးသည်တင်ယာဉ် 7P/ ....... သည် အရှိန်လွန်ပြီး လမ်းဘေးသို့ တိမ်းမှောက်သွားသည်။

အခင်းဖြစ်ရာသို့ ကျောက်မဲခရိုင် အမှတ် (၁၂၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်ကျော်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သီပေါယာဉ်ထိန်းတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့ဝင်များ၊ ကျင်သီရဲကင်းမှတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ပူးပေါင်းကာ လမ်းပိတ်ဆို့မှုမရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်း (သီပေါ)**



## ဘရာဇီးက အိမ်ရှင်အဖြစ်ကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ မက်ဆီနှင့် အဂူရိုပါဝင်လာမည်

ဘာစီလိုနာစူပါစတား တိုက်စစ်မှူး မက်ဆီနှင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့သည် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ကိုပါအမေရိကဖလားပြိုင်ပွဲအတွက် အာဂျင်တီးနားအသင်းနည်းပြ စကယ်လိုနီရွေးချယ်ခဲ့သည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ကြောင်းသိရသည်။

တိုက်စစ်မှူးမက်ဆီနှင့် တိုက်စစ်မှူးအဂူရိုတို့အပါအဝင် ပီအက်စ်ဂျီတောင်ပံကစားသမား ဒီမာရီယာလည်း အာဂျင်တီးနားအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ပြီး တိုက်စစ်မှူး ဟီဂူအင်မှာမူ အာဂျင်တီးနားအသင်းနည်းပြ ရွေးချယ်ထားခဲ့သည့် ကစားသမား ၂၃ ဦးစာရင်းတွင် ပါဝင်လာခဲ့ခြင်းမရှိခဲ့ပေ။ ဟီဂူအင်သည် ဂျူဗင်တပ်အသင်းမှ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသို့ အငှားဖြင့် သွားရောက်ကစားနေသူလည်းဖြစ်သည်။

ယခုကဲ့သို့ ကစားသမား ၂၃ ဦးစာရင်းကို ရွေးချယ်ခဲ့ပြီးနောက် နည်းပြ စကယ်လိုနီက "နိုင်ငံအသင်းအတွက် အရေးပါတဲ့အချိန်ဖြစ်လို့ အကောင်းဆုံးကစားသမားတွေကိုပဲ ရွေးချယ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလား အုပ်စုအဆင့်တွင် အုပ်စု(B) ၌ ကိုလံဘီယာအသင်း၊ ပါရာဂွေးအသင်းနှင့် ဧည့်သည်အသင်းဖြစ်သည့် ကာတာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိကြောင်း သိရသည်။ ကာတာအသင်းသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်အဖြစ်ကျင်းပမည့်အသင်းဖြစ်ပြီး လက်ရှိတွင် အာရှချန်ပီယံအသင်းလည်းဖြစ်သည်။

မက်ဆီသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် အာဂျင်တီးနားအသင်းနှင့်အတူ ရှစ်ပွဲအထိ ပါဝင်ကစားခဲ့ခြင်းမရှိဘဲ ကိုပါအမေရိကဖလားတွင် အာဂျင်တီးနားအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကာ ယင်းပြိုင်ပွဲကျင်းပချိန်တွင် မက်ဆီ၏ အသက် (၃၂)နှစ် ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဒီမာရီယာနှင့် မက်ဆီတို့သည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် မတ်လအတွင်းက ဗင်နီဇွဲလားအသင်း၊ မော်ရိုကိုအသင်းတို့နှင့် ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားခဲ့သော်လည်း အဂူရိုမှာမူ ရုရှားမြေတွင် ပြင်သစ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်နောက်ပိုင်း အာဂျင်တီးနားအသင်းနှင့်အတူ ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ပေ။




အာဂျင်တီးနားအသင်းသည် နိုင်ငံတကာပွဲစဉ်များတွင် ကိုပါအမေရိကဖလားပြိုင်ပွဲတွင်သာ ဖလားရရှိထားခဲ့သည့်အသင်းဖြစ်ပြီး ၁၉၉၃ ခုနှစ်နောက်ပိုင်း မည်သည့်နိုင်ငံတကာပွဲစဉ်မှ ဆုဖလားရယူနိုင်ခဲ့ခြင်းမရှိခဲ့သည့် အသင်းဖြစ်သည်။




## တောင်ပံကစားသမား သော်ဂန်ဟာဇက် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသို့ ငါးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့

ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်၏ ညီတော်စပ်သူ သော်ဂန်ဟာဇက်သည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ်ရှိ တောင်ပံကစားသမား သော်ဂန်ဟာဇက်သည် မိုချန်ဂလာဘတ်ချ်အသင်းတွင် ကစားခဲ့စဉ်က ၁၈၂ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၄၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ၄၄ ဂိုးအထိ ဖန်တီးပေးနိုင်ခဲ့သူလည်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကစားသမားခေါ်ယူမှုအများအပြားပြုလုပ်မည်ဖြစ်ပြီး တောင်ပံကစားသမား သော်ဂန်ဟာဇက်သည် ဒေါ့မွန်အသင်း၏ တတိယမြောက်ခေါ်ယူခဲ့သည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ဒေါ့မွန်အသင်းသည် အသက် ၁၉ နှစ်အရွယ် နောက်တန်းကစားသမားတစ်ဦးဖြစ်သည့် မာတူမိုရေးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည့်အပြင် ဟော်ဖန်ဟိမ်းအသင်းမှ ဂျာမနီကြယ်ပွင့် နီကိုရှဲလ်အား ပြောင်းရွှေ့ကြေးယူရို ၂၇ သန်းဖြင့် ခေါ်ယူထားခဲ့ပြီးလည်း ဖြစ်ကြောင်း သိရသည်။

**ငွေကြယ် - ရေးသားသည်**

# အနုပညာ

## ဇာတ်လမ်းတွဲသစ်မှာ ဟွန်ဘင်းနှင့် ဆန်းရယ်ဂျင်တို့ တွဲဖက်ပါဝင်သွားမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ ကြယ်ပွင့်တွေဖြစ်ကြပြီး ယခင်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲမှာလည်း အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်ခဲ့ရာမှာ လိုက်ဖက်သူတွေဖြစ်ကြောင်း ပရိသတ်တွေရဲ့ ထင်ကြေးပေးခံထားရတဲ့ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ဟာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာလည်း အဓိကဇာတ်ဆောင်တွေအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



လတ်တလောမှာ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟွန်ဘင်းနဲ့ ၃၇ နှစ်အရွယ်ဆန်းရယ်ဂျင်တို့ဟာ ရုပ်သံဇာတ်လမ်းတွဲသစ် "Crash Landing of Love" မှာ တွဲဖက်ပါဝင်သွားကြမှာ ဖြစ်ပါတယ်။

ရုပ်သံဇာတ်လမ်းတွဲသစ် "Crash Landing of Love"ကိုတော့ တောင်ကိုရီးယားရဲ့အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေဖြစ်တဲ့ "My Love From The Star"၊ "The Producers"၊ "The Legend of The Blue Sea" စတဲ့ ဇာတ်လမ်းတွဲတွေကို ရေးသားခဲ့သူ ဇာတ်ညွှန်းဆရာ ပါ့ခ်ဂျီအွန်းက ရေးသားပေးသွားမှာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ ဆန်းရယ်ဂျင်ကို ကြွယ်ဝတဲ့ မိသားစုရဲ့ အမွေဆက်ခံသူတစ်ဦးအဖြစ် မြင်တွေ့ရမှာဖြစ်ပြီး ဟွန်ဘင်းကတော့ မြောက်ကိုရီးယားမှ အရာရှိတစ်ဦးအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲသစ်ကိုတော့ tvN ရုပ်သံလိုင်းမှ ယခုနှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

## လော့စ်အိန်ဂျလိစ်မှာ အိမ်ဝယ်လိုက်တဲ့ လီဗြောင်ဟွန်း


မင်းသား လီဗြောင်ဟွန်းဟာ လတ်တလောမှာတော့ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မှာ နေအိမ်ဝယ်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၂ ရက်မှာတော့ အနုပညာအသိုင်းအဝိုင်းမှ ထွက်ပေါ်လာတဲ့သတင်းတွေအရ လီဗြောင်ဟွန်းနဲ့ဇနီးဖြစ်သူတို့ဟာ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ယူနီဗာဆယ်စတူရီယိုအနီးမှာ နေအိမ်ဝယ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ လီဗြောင်ဟွန်းရဲ့ နေအိမ်သစ်ရှိရာနေရာဟာ နိုင်ငံခြားသားတွေကို ဆွဲဆောင်နိုင်တဲ့ လှပတဲ့နေရာဖြစ်ကြောင်း၊ နေအိမ်ဟာ မိသားစုခြောက်ဦးပါဝင်တဲ့ လီဗြောင်ဟွန်းတို့အတွက် သင့်တော်တဲ့ အကျယ်အဝန်းရှိကြောင်းနဲ့ နေအိမ်ကို အမေရိကန်ဒေါ်လာနှစ်သန်းခန့်ပေးကာ ဝယ်ယူခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။






နာအိုမီစကော့ထ်



မီနာမက်ဆောက်ဒ်




ဝေလ်စမစ်သ်

## အာလာဒင်ရုပ်ရှင်သစ် အထူးပွဲပြသ

ပြီးခဲ့တဲ့ အင်္ဂါနေ့က ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တွေများစွာ ဒစ်စနေနဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ အာလာဒင်ရဲ့ အထူးပွဲပြသမှုကို တက်ရောက်အားပေးခဲ့ကြတာ တွေ့ရပါတယ်။ လော့စ်အိန်ဂျလိစ်မှာပြုလုပ်ခဲ့တဲ့ အဆိုပါအခမ်းအနားမှာတော့ ရုပ်ရှင်နဲ့ လိုက်ဖက်မှုရှိအောင် ခရမ်းရောင်ကော်ဇောတွေ ခင်းထားတာကိုလည်း တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအခမ်းအနားမှာတော့ အာလာဒင်လိုက်ဗ်အက်ရှင်ရုပ်ရှင်သစ်မှာ ပါဝင်ထားကြတဲ့ အဓိကဇာတ်ဆောင်တွေလည်း တက်ရောက်ခဲ့ကြပါတယ်။ ဂျက်စမင်အဖြစ် ပါဝင်ထားသူ နာအိုမီစကော့ထ်၊ အာလာဒင်အဖြစ်မြင်တွေ့ရမယ့် မီနာမက်ဆောက်ဒ်၊ ဂျန်းနီအဖြစ် ပါဝင်သရုပ်ဆောင်ထားသူ ဝေလ်စမစ်သ်တို့လည်း တက်ရောက်ခဲ့တာ တွေ့ရပါတယ်။

**အေးပြည့် - ရေးသားသည်**



## ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့ရေး အလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၂၂**

ရင်းနှီးမြှုပ်နှံမှုဆိုသည့်အချက်သည် နိုင်ငံရေးအပေါ်တွင် အဓိကကျသကဲ့သို့ အခြားအချက်အလက်များလည်း ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး မရှိလျှင် ရင်းနှီးမြှုပ်နှံမှုများ ရှိလာမည်မဟုတ်ပါကြောင်း မေ ၂၀ ရက် နံနက် ၉ နာရီက ဟိုတယ်ဟေးဇယ်လ်တွင် ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အဆင်ပြေချောမွေ့ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

"တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးမရှိရင် ရင်းနှီးမြှုပ်နှံမှု မရှိနိုင်ပါဘူး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်၊ ဒေသမှာရှိတဲ့ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရစေချင်ပါတယ်၊ ပြည်သူတွေရဲ့ လူနေမှုဘဝ မြှင့်တင်ပေးစေချင်ပါတယ်၊ ဒါတွေကို ဖြစ်စေချင်တယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေ လိုပါတယ်၊ ပြည်တွင်းကိုလည်း အားပေးစေချင်ပါတယ်၊ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေကိုလည်း အကာအကွယ်ပေးစေချင်ပါတယ်၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု လာရောက်တဲ့သူတွေအတွက် နိုင်ငံကအကာအကွယ်ပေးတယ်ဆိုတဲ့ အချက်ရအောင် လုပ်ပေးကြစေချင်ပါတယ်"ဟု ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုအသင်းဥက္ကဋ္ဌ ဦးကျော်မင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ DaNa facility နှင့် International TradeCenterတို့မှ တာဝန်ရှိသူများက အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အထက်မြန်မာပြည်တွင် ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ပြုလုပ်ခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကာ အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် မေ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရန်ကုန်မြို့၏ အမွေအနှစ်အဆောက်အအုံများ သမိုင်းပြပွဲကျင်းပ

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပထမထပ်ရှိ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးခန်းတွင် ရန်ကုန်မြို့၏ အရေးပါသော အမွေအနှစ်အဆောက်အအုံများ သမိုင်းပြပွဲကို မေ ၂၁ ရက် ညနေ ၆ နာရီက ကျင်းပသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)သည် Slade Property Servicesရဲ့ထောက်ကူမှုနဲ့ ဗိသုကာပညာရှင် ဦးအောင်စိုးမြင့်၊ ပန်းချီပညာရှင် ဦးထိန်လင်းတို့နှင့်ပူးပေါင်းပြီး ရန်ကုန်မြို့၏ အရေးပါသော အမွေအနှစ်အဆောက်အအုံများ၏သမိုင်းပြပွဲကျင်းပခြင်းဖြစ်သည်။ ပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ကြည့်ရှုခဲ့သည်။

"ဒီပြပွဲမှာ အများနှင့် သက်ဆိုင်သော နေရာများ၊ အမှတ်တရများ၊ သမိုင်းဝင်ပစ္စည်းတွေကို ပြသပြီး ရန်ကုန်မြို့ရဲ့ ထူးခြားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကိုပြန်လည် ဖော်ထုတ်သွားမှာဖြစ်ပါတယ်။ ရှာဖွေစုဆောင်းထားတဲ့ အရာဝတ္ထုတွေကတစ်ဆင့် ရန်ကုန်မြို့ရဲ့အရေးပါတဲ့ အမွေအနှစ်အဆောက်အအုံတွေရဲ့သမိုင်းတွေကို ဒီပြပွဲက ပြောပြနိုင်ပါလိမ့်မယ်။ ဒီအထဲက တချို့သော အဆောက်အအုံတွေဟာ ဖြိုဖျက်ခံလိုက်ရပြီဖြစ်ပေမယ့် တချို့ကိုတော့ ယနေ့တိုင် တွေ့မြင်နိုင်ပါသေးတယ်။ ဖြိုဖျက်ခံရလို့ ဆုံးရှုံးခဲ့ရပြီဖြစ်တဲ့ အမွေအနှစ်အဆောက်အအုံတွေမှာကျန်ရစ်ခဲ့တာတွေကို မှန်ဗီရိုတွေထဲမှာထည့်သွင်းပြသထားပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) ၏ ဒါရိုက်တာဒေါ်မိုးမိုးလွင်က ပြောသည်။

ပြပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီမှစတင်၍ အများပြည်သူလေ့လာနိုင်ရန် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**





## မြစ်ကြီးနားမြို့ မဇ္ဈိမလာဘ ဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲ ကျင်းပ

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပလန(၂) ဂန့်ဂေါ်မြိုင်ကျေးရွာ မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်သော မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရား ဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို မေ ၁၈ ရက်က အဆိုပါကျောင်းတိုက်ဝင်းရှိ မဇ္ဈိမမြေပုလဲဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော်အပါး ၁၂၀ ကြွရောက်တော်မူပြီး အလှူရှင် ဦးမျိုးဆွေနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ မဇ္ဈိမသံဃဟိတရေ မဇ္ဈိမသံဃမာတာ ဒေါ်မြရှင်နှင့် အလှူရှင်များက မဟာဓမ္မကထိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကြာနီကန်ဆရာတော် ဘဒ္ဒန္တရေဝတထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူကြည်ညိုကြပြီး အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်း ပြည်တွင်း၊ ပြည်ပ သာသနာပြုမဟာနာယကချုပ် ဒေါက်တာအရှင်နန္ဒဝံသထံမှ မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရား ဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့ပြင် မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ကျောင်းတိုက်ဝင်းအတွင်း ယာယီမဏ္ဍပ်များ၌ အလှူရှင်များက နိဗ္ဗာန်ဈေးပွဲတော် ကျင်းပလှူဒါန်းခဲ့ကြသည်။ မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်သော ထိုင်တော်မူ မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားသည် ဉာဏ်တော် ၁၀၈ ပေ အမြင့်ရှိကြောင်း သိရသည်။

**အာကာစိုး**

## ဒုတိယဝန်ကြီးဦးစိုးအောင် International Crisis Group ရုံးခွဲဥက္ကဋ္ဌနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် အမေရိကန်ပြည်ထောင်စု International Crisis Group ရုံးခွဲမှ ဥက္ကဋ္ဌ Mr. Robert Malley နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်တွင် လက်ရှိဆောင်ရွက်နေသော ကယ်ဆယ်ရေးစခန်းပိတ်သိမ်းမှုနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ နိုင်ငံတော်အဆင့် ကယ်ဆယ်ရေးစခန်း ပိတ်သိမ်းရေးမဟာဗျူဟာ အတည်ပြုနိုင်ရေးဆောင်ရွက်ချက် နောက်ဆုံး တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ အစဉ်တစိုက် ဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများ နေရပ်စွန့်ခွာ နေရမှုများအတွက် ထောက်ပံ့ပေးနေသည့်အခြေအနေများ၊ UEHRD အဖွဲ့ ဖွဲ့စည်း၍ ပဋိပက္ခကင်းဝေး၍ ရေရှည်ဖွံ့ဖြိုးမှုရရှိရေးကြိုးပမ်းမှုများ၊ အာဆီယံအဖွဲ့နှင့် ပူးပေါင်း၍ ပြန်လည်လက်ခံရေးအတွက် လိုအပ်ချက် ဆန်းစစ်မှု ဆောင်ရွက်ခြင်းနှင့် အစီရင်ခံစာ ထုတ်ပြန်နိုင်ရေး နောက်ဆုံးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ၂၀၁၉ ဂေါက်သီးစည်းမျဉ်းသင်တန်း မန္တလေးမြို့၌ဖွင့်လှစ်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R&A တို့ ပူးပေါင်းဖွင့်လှစ်သော ဂေါက်သီးစည်းမျဉ်း သင်တန်း (R&A Level-1 Rules Seminar 2019) ကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ သင်တန်းပို့ချမည့်နည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုတို့က အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ရွှေမန်းတောင်ဂေါက်ကွင်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဒါရိုက်တာ ဦးတင်ကိုကိုက လက်ခံရယူသည်။ သင်တန်းသို့ ဂေါက်သီးအားကစားစိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၁ ဦး တက်ရောက်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်သည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရယူနိုင်ခဲ့သလို ပြည်တွင်း၌ ဂေါက်သီးအားကစားသမားကောင်းများ ထွက်ပေါ်လာရန်နှင့် ဂေါက်သီးအားကစားနည်း တိုးတက်လာရန်သင်တန်းများ၊ ပြိုင်ပွဲများ ဆက်တိုက်ပြုလုပ်ပေးလျက်ရှိသည်။

**ဖိုးသော်ဇင်**

# တရုတ်-မြန်မာ မီဒီယာလက်ဖက်ရည်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၂၂**

ဆင်ဟွာသတင်းဌာန( ရန်ကုန်ဗျူရို) က ကြီးမှူး၍ ပထမအကြိမ် တရုတ်-မြန်မာ မီဒီယာ လက်ဖက်ရည်ကြမ်းဝိုင်း တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၁ ရက် ညနေပိုင်းက ပြည်လမ်းရှိ တရုတ်သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ ပြည်တွင်းသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ တာဝန်ခံအယ်ဒီတာချုပ်များ၊ သတင်းထောက်ချုပ်များ၊ သတင်းထောက်များ တက်ရောက်ဆွေးနွေးကြသည်။

တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က နှစ်နိုင်ငံဆက်ဆံရေးသည် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံပြီး တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရှိ တရုတ်သံရုံးက မီဒီယာများနှင့် မကြာခဏ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မုံရွာဦးအောင်ရှင်က တရုတ်-မြန်မာဆက်ဆံရေးသည် မည်သည့်ခေတ်နှင့်မျှမတူအောင် တိုးတက်အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ ဆက်လက်၍လည်း နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက် ဆက်ဆံရေးဖြစ်လာသည့်အတွက် ဆက်လက်တိုးတက်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းထောက်များက မြစ်ဆုံစီမံကိန်း၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ ရန်ကုန်မိုးပျံလမ်းစီမံကိန်း၊ နှစ်နိုင်ငံကုန်သွယ်မှုတို့နှင့် စပ်လျဉ်းသော မေးခွန်းများကိုမေးမြန်းရာ တရုတ်သံအမတ်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

**မြင့်မောင်**





# မြို့လုလင်ကျေးရွာ၌ ဗိုလ်မင်းရောင်ရုပ်တုဖွင့်ပွဲကျင်းပ

**မြို့သစ် မေ ၂၂**

မကွေးခရိုင် မြို့သစ်မြို့နယ် မြို့လုလင်ကျေးရွာတွင် ဗိုလ်မင်းရောင်ရုပ်တုဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ရွာထိပ်၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်တို့က ရုပ်တုဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

# မန္တလေးမြို့တွင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကျင်းပ

**မန္တလေး မေ ၂၂**

IOM မှ ဦးဆောင်ကျင်းပသော ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆွေးနွေးပွဲကို မန္တလေးမြို့ ဆာကူယာဟိုတယ်ရှိ Cherry ခန်းမ၌ မေ ၂၁ ရက် နံနက် ၉ နာရီ က ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ ( Life Myanmar ) မှ အစီအစဉ်အရာရှိ Mr. Benjamin Harkins၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Akio Nakayama တို့က အမှာစကားပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးမွန်စိုးက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ရှိအကောင်အထည်ဖော် လျက်ရှိသော လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသည်။

IOM မှ အစီအစဉ်မန်နေဂျာ Ms. UndraaSuren က ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးရေးဆက်နွယ်မှု သဘောတရားများကို သုံးသပ်ပြောကြားသည်။

ဆက်လက်ပြီး IOM မှ National Liaison and Programme Officer ဦးအောင်ကျော်သန်းက အစိုးရနှင့် IOM တို့ ပူးပေါင်းဆောင်ရွက်မှု ရွှေ့ပြောင်းသွားလာခြင်း၏ အပေါင်းလက္ခဏာ အကျိုးဆက်များအား မြှင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် IOM မှ Consultant ဒေါ်ချိုမြင့်နိုင်က CHIME သုတေသနမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွှေ့ပြောင်းမိသားစုဝင်များ၏ လက်တွေ့လူမှုဘဝ တွေ့ရှိချက်များ တင်ပြပြီး ရွှေ့ပြောင်းမိသားစုဝင်များ၏ လက်တွေ့လူမှုဘဝ ပုံရိပ်ထင်ဟပ်စေသော ဗီဒီယိုကို ပြသသည်။

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် IOM မှ တာဝန်ရှိသူများသည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်းသွားလာသူ စုစုပေါင်းသည် မြန်မာနိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းရှိနေကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# လူသားဆန်မှုပွဲတော်နှင့် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် မှတ်တမ်းဓာတ်ပုံပြပွဲကျင်းပမည်

**ရန်ကုန် မေ ၂၂**

လူသားဆန်မှုပွဲတော် (Humanity Festival)နှင့် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် မှတ်တမ်းဓာတ်ပုံပြပွဲတို့ကို မေ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မေ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း Olympic Tower ရှိ Myanmar Press Freedom Office ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ လူသားဆန်မှုပွဲတော်ကို အရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Another Alternative အဖွဲ့က ကြီးမှူး၍ Yangon International Hotel ဝင်း အတွင်းရှိ The Coriander Leaf စားသောက်ဆိုင်တွင် မေ ၂၅ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဂီတနှင့် အနုပညာတို့ပေါင်းစပ်၍ လူသားဆန်မှုသဘောတရားများကို ပြသသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လူသားဆန်မှုပွဲတော်နှင့်အတူ ပြီးခဲ့သည့် မတ်လအတွင်းက မြန်မာနိုင်ငံအတွင်းရှိ မြို့ပေါင်း ၅၂ မြို့ကို ဖြတ်သန်းစီးနင်းခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်အတွင်းမှ မှတ်တမ်းဓာတ်ပုံများကိုလည်း ပြပွဲတစ်ခုအနေဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"လူသားဆန်မှုပွဲတော်ဖြစ်တဲ့ Humanity Festival ကို ကျင်းပရတဲ့ရည်ရွယ်ချက်က မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှာ လူသားဆန်မှု၊ လူသားတန်ဖိုး၊ လူသားစံနှုန်းတွေကိုမျိုးဆက်သစ်လူငယ်တွေကြားမှာ မြှင့်တင်နိုင်ဖို့အတွက် ဂီတ၊ အနုပညာတွေ ပေါင်းစပ်ပြုလုပ်တဲ့ပွဲတစ်ခုဖြစ်ပါတယ်။ ဒီပွဲမှာ အနုပညာပုံစံပေါင်းစုံ ပါဝင်ပါမယ်။ Hip Hop၊ Music Band၊ DJ အစရှိတဲ့ ဂီတဖျော်ဖြေမှုတွေပါဝင်သလို Documentary Video ပြသမှုတွေ၊ ကဗျာရွတ်ဆိုမှုတွေ၊ Performance Art၊ Installation Art တွေ ပါဝင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်မှတ်တမ်းဓာတ်ပုံတွေကိုလည်း ပြပွဲတစ်ခုအနေနဲ့ ပြသသွားမှာဖြစ်သလို အဲဒီခရီးစဉ်မှာစီးနင်းခဲ့တဲ့ ဆိုင်ကယ်တွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်"ဟု Another Alternative အဖွဲ့မှ တာဝန်ရှိသူ ကိုသက်ဆွေဝင်းက ပြောသည်။

ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်ကို လုပ်ဆောင်ရခြင်းမှာ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားကြသည်ဆိုသည်ကို ပြသပြီး ငြိမ်းချမ်းရေးရရှိရန် ပိုမိုတွန်းအားပေးလိုခြင်းဖြစ်ကြောင်း၊ ယခုနှစ် နိုဝင်ဘာလတွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်ကို လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်တွင် ပါဝင်စီးနင်းခဲ့သူ ကိုနိုင်ဦးက ပြောသည်။

**ကိုထက်**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရေးစပ်၊ ကျပန်းစကားပြောနှင့် ကဗျာစပ်ဆိုပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ-အင်္ဂလိပ်) အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြိုင်ပွဲများကို ဇွန် ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်တွင်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်တွင်လည်းကောင်း၊ ဇွန် ၂၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်တွင်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တွင်လည်းကောင်း ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ - အင်္ဂလိပ်) မူလတန်းအဆင့်ပြိုင်ပွဲကို ဇွန် ၂၂ ရက်တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မြောက်ပိုင်းခရိုင်၊ ဇွန် ၂၃ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အရှေ့ပိုင်းခရိုင်၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ တောင်ပိုင်းခရိုင်တို့တွင် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများကို အခြေခံပညာကျောင်းများ သာမက ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲ (အလွတ်တန်း) အတွက် စာမူများကို ဇွန် ၇ ရက် နောက်ဆုံး ပေးပို့ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ကျပန်း (မြန်မာ-အင်္ဂလိပ်)နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ (မြန်မာ - အင်္ဂလိပ်) ပြိုင်ပွဲများကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဆုပေးပွဲအခမ်းအနားကိုပါ တစ်ဆက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ရုံး၊ ဖုန်း ၀၉ - ၂၅၄ ၀၂၄ ၇၉၅ နှင့် ၀၉ - ၅၀၉ ၂၀၄ ၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မုန်ကြည့်ငှက်နှင့် ဓမ္မရသကဗျာများ




မောင်ရင့်ကျူး (မြောင်းမြ) စီစဉ်ရေးသားသည့် မုန်ကြည့်ငှက်နှင့် ဓမ္မရသကဗျာများစာအုပ် ထွက်ရှိလာသည်။

ဘဝကိုသံသရာဟုဆိုသည်။ ထိုသံသရာသည် ရှည်သည်။ အဆုံးအစမရှိ လည်ပတ်သည်ဟု ဆိုကြသည်။ ဘဝသံသရာဟုလည်း တေးသီချင်းရှိသည်။ သံသရာသည် အရှေ့လား၊ အနောက်လား၊ ကောင်းကင်မှာလား၊ လူတို့၏ ဖြစ်တည်ရာဘဝပင်လော၊ လူသားတစ်ယောက်အဖြစ် ရရှိလာသောဘဝတွင် ရွေးချယ်စရာလမ်းနှစ်သွယ်ရှိလေသည်။ စိတ်စေရာကိုလိုက်၍ ဘဝကို လိုသလိုဖြတ်သန်းလျှင် သံသရာသည် ဆုံးနိုင်တော့မည် မဟုတ်၊ လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်များဖုံးလွှမ်းသည့် ခရီးကိုလျှောက်မည်လား၊ ဘဝ၏အလင်းရောင်ဖြင့် အို၊ နာ၊ သေ ဒုက္ခတို့မှ ကင်းဝေးရာလမ်းကိုလျှောက်မည်လော စာရေးသူကို ကဗျာကမေးထားကြောင်း ရေးသားထားသည်။

**စာအုပ်ကို သစ္စာမဏ္ဍိုင်စာပေ၊ အမှတ်(၂)၊ အမှတ် (၃)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁ ၃၈၇၈၄၉ နှင့် ၀၉ ၅၁၂၅၂၈၅ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ကရင်ရိုးရာ အရိုးကောက်မင်္ဂလာ





အရှင်ကုမာရ(ပန်းတနော်) စီစဉ်ရေးသားသည့် ကရင်ရိုးရာ အရိုးကောက်မင်္ဂလာ စာအုပ်ထွက်ရှိလာသည်။

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် တောကျောင်းကျေးရွာ တောကျောင်းဆရာတော်ဦးဆောင်၍ သုံးနှစ်လျှင်တစ်ကြိမ်ကျဖြင့် ရှင်ပြုရဟန်းခံ အရိုးကောက်အလှူမင်္ဂလာပွဲ ပြုလုပ်လျက်ရှိသည်။ အရိုးကောက်ပွဲ ပြုလုပ်ရခြင်းဖြင့် ရွာကိုအန္တရာယ်မဖြစ်စေခြင်း၊ အမျိုးတွေကို အန္တရာယ်မဖြစ်စေခြင်း၊ လူတွေကို အန္တရာယ်မဖြစ်စေခြင်း၊ လေကြီးမိုးကြီးမကျခြင်း၊ လျှောင်မလှုပ်ခြင်း၊ ငှက်ဆိုးများမလာစေခြင်း၊ အဖျက်အဆီးမှန်သမျှ မကောင်းမှုမှန်သမျှမလာရောက်ကြစေရန်နှင့် ကောင်းကျိုးမင်္ဂလာများသာ ဖြစ်ပါစေ၊ ရောက်လာပါစေဟု ကရင်လူမျိုးများ၏ ရိုးရာဓလေ့အကြောင်း ရေးသားထားသည်။

**စာအုပ်ကို ဆုပြည့်စုံထွန်းစာပေ၊ အမှတ်-၅၀၈/၅၁၂(၂-ခ) ပထမထပ်၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၃၆၆၄ နှင့် ၀၉ ၇၉၂၂၇၅၅၈၆ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိသည်။**

## သုတစုံလင် တောင်ငူခရီးစဉ်





တောင်ငူကေတုမတီ မင်းနေပြည်တော်မြို့ကြီးနှင့် ပတ်သက်သည့် အကြောင်းအရာများကို စာရေးသူမောင်နိုင်ကေတု စီစဉ်ရေးသားသည့် သုတစုံလင် တောင်ငူခရီးစဉ်စာအုပ် ထွက်ရှိလာသည်။

မြန်မာမင်းများလက်ထက်တော်က အကြောင်းအရာအချို့ ကိုလိုနီခေတ်ကာလကတည်းက အဖြစ်အပျက်တချို့ လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလကနေ ယနေ့အထိ မှတ်တမ်းမှတ်ရာ တစ်ပိုင်းတစ်စတို့နှင့် တောင်ငူခရီးစဉ်ကို ဗဟုသုတစုံလင်အောင် ပြင်ဆင်ရေးသားထားသည်။ လေးစားအတုယူဖွယ် ထူးချွန်ထက်မြက်ခဲ့သည့် တောင်ငူဒေသ၏ လွတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြန်မာနိုင်ငံ၏ အစောဆုံး နိုင်ငံတကာခရီးသွား သင်္ဘောကပ္ပတိန်ကြီးများ၊ သိမ်၊ ကျောင်း၊ ဘုရား၊ ကန်၊ ချောင်းများနှင့် သာသနိကအဆောက်အအုံများလည်းရှိသည့်အပြင် ရှေးဘိုးဘွားတို့၏ ရတနာအမွေအနှစ်များနှင့်ပြည့်စုံသည့် သမိုင်းတန်ဖိုးကြီးမားလှသည့် ကေတုမတီတောင်ငူမြို့ဖြစ်သည်ကို ရေးသားထားသည်။

**စာအုပ်ကို ကမ်းရိပ်မွန်စာပေ၊ အမှတ်-၄၇၀၊ အင်း၀-၆ လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၈၁၆၂၀၂၃ နှင့် ၀၉ ၄၄၄၇၄၂၇၅၈ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

## အတွေးတစ်စ




ယနေ့ အံ့မခန်းတိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည့် အရာအားလုံးသည် တစ်ချိန်က သေးငယ်သည့်အတွေးတစ်စအပေါ်တွင် အခြေခံပေါက်ဖွားလာကြောင်း စာရေးသူအောင်ကျူး စီစဉ်ရေးသားသည့် အတွေးတစ်စ စာအုပ် ထွက်ရှိလာသည်။

လူတစ်ဦးတစ်ယောက်၏ အောင်မြင်မှုအတိုင်းအတာသည် ထိုသူအတွေးတွေက ဘယ်လောက်လက်တွေ့ကျပြီး ထိုအတွေးများကို ဘယ်လောက်အထိ အကောင်အထည်ဖော်နိုင်ခဲ့သလဲဆိုသည့် အချက်အပေါ်မူတည်ပါလိမ့်မည်။ ပညာဗဟုသုတ အဆိုအမိန့်များ ဆရာသမား လူကြီးသူမများ၏ အမှာစကား၊ အဆုံးအမများကို တွေးဆဆင်ခြင်ကြရမည်ဖြစ်သည်။ တစ်နေ့တာကုန်ဆုံး၍ ညအိပ်ရာဝင်ချိန်တွင် တစ်နေ့တာ ဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူကာ တွေးတောကြရမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို ခင်မြတ်သူစာပေ၊ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄ နှင့် ၀၉ ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## သထုံမြို့မရဲစခန်းတွင် ပညာသင်စရိတ်နှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**သထုံ မေ ၂၂**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့မရဲစခန်း၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် သထုံမြို့နယ်မှူး ရဲမှူးစိုးအောင်က ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## ညောင်လေးပင်တွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ညောင်လေးပင် မေ ၂၂**

ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ အရှေ့ခြမ်းတွင် မေ ၁၉ရက် ညနေပိုင်းတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးနေအိမ်နှင့် ပြိုလဲနေအိမ်များအတွက် ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မေ ၂၁ ရက်မွန်းလွဲ ၂နာရီက ကျေးရွာများရှိ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ငွေများပေးအပ်သည်။

ငါးကြီးအိုင်ကျေးရွာတွင် ဖြစ်ပွားသောလေဘေးမှ ပြိုလဲနေအိမ် လေးလုံး၊ အမိုးလန်နေအိမ် ၂၅ လုံး တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် တစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၁၇၉၄၁၀၀ ကိုလည်းကောင်း၊ လေးအိမ်စုကျေးရွာနှင့် ဇန်မော်တောကျေးရွာတို့တွင် ဖြစ်ပွားသော လေဘေးမှ ပြိုလဲနေအိမ် လေးလုံး၊ အမိုးလန်နေအိမ် ရှစ်လုံးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေစုစုပေါင်း ကျပ် ၇၄၃၁၀၀ ကိုလည်းကောင်း၊ ဇက ၅၀၀ ကျေးရွာတွင်ဖြစ်ပွားသော လေဘေးမှ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ၁၁ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ စုစုပေါင်း ကျပ် ၂၅၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## လေပြင်းတိုက်ခတ်၍ နေအိမ်နှင့် စာသင်ကျောင်းအချို့ပျက်စီး

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာတွင် မေ ၂၁ ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းကျရောက်၍ လူနေအိမ်နှင့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းအချို့ အမိုးလန်မှုဖြစ်ပွားခဲ့သည်။

အဆိုပါကျေးရွာ ၁၀ ရွာမှာ မုဆိုးရင်၊ မကျီးတော၊ မြစကိုင်း၊ ကျဦး၊ တုတ်ကိုင်း၊ ညောင်ပင်သာ၊ လက်ပံဆိပ် ရွာသစ်၊ တောမြင်ဘာ၊ ရွှေဟင်္သာကျွန်းကျေးရွာများမှ လူနေအိမ် ၆၉ လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းတို့ နေအိမ်အမိုးများပျက်စီးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် မေ ၂၁ ရက် ညနေက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့တွင် လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

ထန်းကောက်ရွာကြီး၌ နေအိမ် ၅၃ လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ထန်းကောက်ရွာလေး၌ နေအိမ် ၁၅ လုံး၊ ဂုံမင်းမြောင်ကျေးရွာ၌ နေအိမ် ၂၂ လုံး၊ ငွေလေးကျေးရွာ၌ နေအိမ်တစ်လုံး၊ ပွတ်စုကျေးရွာ၌ နေအိမ် ၁၀ လုံး၊ ငမဲကျေးရွာ၌ နေအိမ်တစ်လုံး၊ စပယ်ခြုံကျေးရွာ၌ နေအိမ်တစ်လုံး၊ ကဒူးပြင်ကျေးရွာ၌ နေအိမ်ငါးလုံး၊ အလယ်ကျေးရွာအုပ်စု၌ နေအိမ် ၁၈ လုံး၊ ဒါန်းကိုင်းကျေးရွာတွင် နေအိမ် ၁၄ လုံး၊ သစ်မယ်ဇီကျေးရွာ၌ နေအိမ်ရှစ်လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း စုစုပေါင်းနေအိမ် ၁၄၈ လုံးနှင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းတို့ အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

**ဒီမော့ဆို**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် မေ ၂၁ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၅၄ လုံး အမိုးလန်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဒီမော့ဆိုမြို့နယ် အိုကေကျေးရွာတွင် နေအိမ် ၉၅ လုံး၊ ဒေါ်ဘူးကူးကျေးရွာတွင် နေအိမ်လေးလုံး၊ လီဝိုးကျေးရွာတွင် ခုနစ်လုံး၊ နန်းစံခမ်းကျေးရွာတွင် နေအိမ်သုံးလုံး၊ ဖောင်းတောကျေးရွာတွင် နေအိမ်နှစ်လုံး၊ ဘုရားဖြူကျေးရွာ၊ ဒေါကမီးကျေးရွာ၊ ကပွယ်ခူကျေးရွာနှင့် ဆင်တောင်ကျေးရွာတို့တွင် နေအိမ်တစ်လုံးစီနှင့် နန်းမယ်ခုံမြို့တွင် နေအိမ် ၃၉ လုံး စုစုပေါင်း ၁၅၄ လုံး အမိုးလန် ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်အတွက် လိုအပ်သော အကူအညီများ ထောက်ပံ့ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မေ ၂၁ ရက် မွန်းတည့် ၁၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဒီမော့ဆိုမြို့နယ် ဆင်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဝီသဲကူး(မြောက်)ကျေးရွာတွင် နေအိမ် ၂၁ လုံး၊ အောင်သာယာကျေးရွာတွင် နေအိမ်နှစ်လုံး၊ လီဝိုးကျေးရွာတွင် နေအိမ် လေးလုံး စုစုပေါင်း နေအိမ် ၂၇ လုံး အမိုးလန်ပျက်စီးခဲ့ပြီး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် လိုအပ်သော ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုနှင့် တာဝန်ရှိသူများက ထောက်ပံ့ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**

# ကျိုင်းတုံနှင့် မိုင်းဆတ်ခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် ကျိုင်းတုံ- မိုင်းခွန်- မိုင်းခုတ်ကားလမ်း



**ရန်ကုန် မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းခွန်- မိုင်းခုတ်ကားလမ်းသည် ကျိုင်းတုံမှ မိုင်းခုတ်အထိ ၁၁၅ ဒသမ ၉၇၃ ကီလိုမီတာရှိသည်။

ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်မဟာဗျူဟာလမ်းသည် ကျိုင်းတုံမြို့မှ မိုင်းခုတ်မြို့သို့ မြောက်မှတောင်သို့ ဖောက်လုပ်ထားသောလမ်းဖြစ်ခြင်းကြောင့် တောင်ကြောအနေအထားမှာ မြင့်မားပြီး တောင်လုံးများဖြစ်ခြင်း၊ မြေပြင်အနိမ့်ဆုံးလယ်ကွင်းနှင့် ခင်တန်းတို့မှာ တောင်ထိပ်အထိ တောင်နှာမောင်းအတိုင်း တက်ရသဖြင့် မြေပြင်အနိမ့်အမြင့်များခြင်း၊ ဘေးမြေပြင်မရှိခြင်းတို့ကြောင့် မြေပြင်အနိမ့်အမြင့် ခက်ခဲစွာပြုပြင်ပေးရခြင်း၊ လမ်းအူကြောင်းသစ်များဖြင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ မိုင်တိုင် (၂၇/၀ မှ ၅၄/၀) မိုင်အထိ (၂၇/၀) မိုင်အပိုင်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့သည်။

ယခုအခါ ကျိုင်းတုံခရိုင် လမ်းဦးစီးဌာန ကျိုင်းတုံမြို့နယ်မှ ၀ ဒသမ ၀၀ ကီလိုမီတာမှ ၄၇ ဒသမ ၆၇၇ ကီလိုမီတာအထိ ၄၇ ဒသမ ၆၇၇ ကီလိုမီတာအပိုင်းကိုလည်းကောင်း၊ မိုင်းဆတ်ခရိုင် လမ်းဦးစီးဌာနက မိုင်းဆတ်မြို့နယ်မှ ၄၇ ဒသမ ၆၇၇ ကီလိုမီတာမှ ၁၁၅ ဒသမ ၉၇၃ ကီလိုမီတာအထိ ၆၈ ဒသမ ၂၉၆ ကီလိုမီတာအပိုင်းကိုလည်းကောင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# အရှည်ပေ ၂၃၈၀ ရှိ ပုသိမ်တံတားတည်ဆောက်ရေးစီမံကိန်း ဘိုးပိုင်လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းပြီးစီး




**ပုသိမ် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ်အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ကာ တည်ဆောက်နေသော ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းရှိ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပုသိမ်မြို့ရှိ ယခင်မူလ မေတ္တာဦး ဆိပ်ခံတံတားဟောင်းနှင့် ပုသိမ်မြို့တစ်ဖက်ကမ်းဖြစ်သော စိန်ကုန်းဘက်ခြမ်းရှိ ရပ်ကွက်များဖြစ်သည့် အမှတ် ၈ နှင့် ၉ ရပ်ကွက်တို့ကို ဖြတ်သန်းကာ တည်ဆောက်လျက်ရှိသော အဆိုပါပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးစီမံကိန်းအား တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၄)၊ တံတားအထူးအဖွဲ့(၁၆) မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တံတားသစ်၏ ချဉ်းကပ်လမ်းအပါအဝင် တံတားသစ်တည်ဆောက်ရန်အတွက် ငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံတည်ဆောက်မည်ဖြစ်သည်။

အဆိုပါ တံတားသစ်အမျိုးအစားမှာ သံမဏိသံပေါင်တံတားဖြစ်ပြီး တံတား၏ခံနိုင်ဝန်မှာ HS 25 Load Class ဖြစ်ကာ တံတားသစ်၏အရှည်မှာ ပေစုစုပေါင်း ၂၃၈၀ ရှိမည်ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိပြီး လူသွားလမ်းတစ်ဖက်လျှင် အကျယ်ငါးပေစီပါဝင်ကာ ရေလမ်းကင်းလွတ်အကျယ် ၄၁၆ ပေနှင့် အမြင့်ပေ ၆၀ ရှိကြောင်း သိရသည်။ လက်ရှိအနေအထားအရ ပုသိမ်ဘက်ကမ်းရှိ ချဉ်းကပ်တံတားအတွက် ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး Pile Cap လုပ်ငန်းများမှာလည်း P1 မှ P5 အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

စိန်ကုန်းဘက်ကမ်းရှိ ချဉ်းကပ်တံတား ဆောင်ရွက်နေမှုမှာလည်း ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး Pile Cap လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကာ ပင်မတံတားရေလယ်တိုင် (RP - 2) Bored Pile တူးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မေ ၂၅ ရက်မတိုင်မီ ပင်မတံတားရေလယ်တိုင် (RP - 2) Bored Pile တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးရန်လျာထားကြောင်း သိရသည်။

၂၀၂၀ ခုနှစ် ဘတ်ဂျက်နှစ်ကုန်ပိုင်းတွင် ပြီးစီးမည့် အဆိုပါပုသိမ်တံတား အမှတ် (၂) တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှစတင်၍ ဖောင်ဒေးရှင်းလုပ်ငန်းများ စတင်ခဲ့သည်။ အဆိုပါ တံတားပြီးစီးပါက ငဝန်မြစ် အနောက်ဘက်ကမ်းမှ ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း (ပွင့်သစ္စာ)၊ ဓာတ်ပုံ စိုးမြင့်အောင်**

## တိုတိုထွာထွာဖတ်စရာ

### မတ္တရာတွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိကျေးရွာအုပ်စု ၇၉ အုပ်ရှိ တောင်သူ ၇၅၀၀ ၏ စပါးနှင့် အခြားသီးနှံ ဧက ၃၅၂၀၀ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပေါင်း ၄၉၅၈၉ သိန်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၆ ရက်စတင်၍ ၂၀၁၈ ခုနှစ် မိုးရာသီထုတ်ချေးငွေများ ပြေကျေစွာဆပ်ပြီးသည့် တောင်သူများအား ထုတ်ချေးလျက်ရှိပြီး မေ ၂၁ ရက် အထိ ကျေးရွာအုပ်စု နှစ်အုပ်စုအတွက် ကျပ် ၂၂၆၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာဒေါ်စန္ဒြာအောင်ထံမှ သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

### ရိခေါဒါရ်တွင် ပိုးသတ်ဆေးသုံးစွဲမှု ပညာပေးဆွေးနွေး

**ရိခေါဒါရ်**

ငမြောင်တောင် ဖျက်ပိုးကာကွယ်နှိမ်နင်းရေး၊ မြေအသုံးချမှု၊ မျိုးစေ့သိုလှောင်ရေးနှင့် ပိုးသတ်ဆေးသုံးစွဲမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက ချင်းပြည်နယ် ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က အဖွင့်အမှာစကားပြောကြားပြီး မျိုးစေ့များ သိုလှောင်ထိန်းသိမ်းထားရှိမှု၊ အထွက်တိုးသီးနှံမျိုးစေ့ဆောင်ရွက်မှု၊ လယ်ယာမြေအသုံးချမှုဆိုင်ရာများ၊ ငမြောင်တောင်ဖျက်ပိုးကာကွယ်နှိမ်နင်းရေးနှင့် အခြားသီးနှံဖျက်ပိုးမွှားများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီးဆွေးနွေးကြသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲ သီပေါ၌ ကျင်းပ

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲကို မေ ၂၁ ရက်က ကုန်းသာကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက ကျေးရွာပြည်သူများအား သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အပူဒဏ်ကာကွယ်ရေး၊ ရေဘေး၊ မီးဘေး၊ မြေလျှင်ဘေး၊ မုန်တိုင်းဘေး စသည့်အန္တရာယ်များကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းနှင့် ရှောင်ရန်၊ ဆောင်ရန်ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ "သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြစေဖို့" အသိပညာပေး ဗီဒီယိုဇာတ်လမ်းတိုနှင့် ရုပ်သံဖန်တီးမှု ဇာတ်လမ်းများ ပြသပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စိုက်ပျိုးဧက ၃၀၀၀ ကျော် အကျိုးပြုမည့် အထောင်ရေတံခါး ရာနှုန်းပြည့်ပြီးစီး



**ရန်ကုန် မေ ၂၂**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်၊ တောင်သူများ စိုက်ပျိုးရေအကျိုးရှိစွာ အသုံးပြုနိုင်ရေးတို့အတွက် သန်လျင်မြို့ရှိ ဖားကူးအနောက်ကျေးရွာနှင့် ဒေဇက်ကျေးရွာအနီး စိုက်ပျိုးဧက ၃၀၀၀ ကျော် အကျိုးပြုမည့် ခြောက်ပေ၊ ရှစ်ပေ လေးပေါက် အထောင်ရေတံခါး တည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သန်လျင်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ဖားကူးအနောက်ကျေးရွာ၊ ဒေးဇတ်ကျေးရွာအနီးရှိ ကျေးရွာများတွင် ပဲခူးမြစ်ရေတက်လာလျှင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်သည့်အတွက် ယခုလို ရေတံခါးတည်ဆောက်ပေးသည့်အတွက် ရေကြီးနစ်မြုပ်မှုကာကွယ်ပေးသလို နွေစပါးစိုက်ချိန်မှာ ရေငန်ဝင်ရောက်မှုကိုလည်း ကာကွယ်ရာရောက်ပြီး ရေချိုသိုလှောင်ကာ နွေစပါးစိုက်ပျိုးမှုလည်း အောင်မြင်နိုင်မှာဖြစ်ကြောင်း၊ ယခုလို ရေတံခါးတည်ဆောက်ပြီးစီးလို့ တောင်သူများကိုယ်စား ဝမ်းသာပါကြောင်း၊ ရေတံခါးအား မိုးမကျမီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် တည်ဆောက်ပေးသော ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါကြောင်း သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်ကပြောကြားသည်။

အဆိုပါရေထိန်းတံခါးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး မေလပထမပတ်တွင် လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

CB BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank မိုးညှင်း ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## မိုးညှင်း ဘဏ်ခွဲ

အမှတ်(မမ-၂၇)၊ ပြည်ထောင်စုလမ်းမကြီး၊ အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။


Tel : (95) **074 60533**

Fax : (95) **074 60534/ 60535/ 60536**

Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

"မျက်နှာစာ အကျယ်ပေ(၅၀၀)ကျော်၊ အရှေ့အနောက် အကျယ်ပေ(၁၈၀၀)ကျော်၊ နေပြည်တော်၊ မြို့မစျေးသွားကားလမ်းကြီးဘေးမေးတင်၊ နေရာကောင်း(KLO)ဆီပန့်ရှေ့ စားသောက်ဆိုင်တန်းများအနီးရှိ (နှစ်ကိုးဆယ်ဂရန်မြေ)ကိုးကေမြေကွက်ကြီးအားရောင်းမည်။"
09-2039566,
09-448548778,
09-8300442

AVA COURT HEALTH CARE
Fortis
အသည်းနှင့် ကျောက်ကပ်အစားထိုးခြင်းဆိုင်ရာ
ကျန်းမာရေးဟောပြောပွဲ



Dr. Rajeev Sood



Dr. Vivek Vij

– ရန်ကုန် –
၂၅-၅-၂၀၁၉ (စနေနေ့)၊
နေ့လည် (၁း၀၀) နာရီမှ (၄း၀၀) နာရီအထိ
Grand Hantha International Hospital
(Yuzana Hall)
အမှတ် (၃)၊ နာနတ်တောလမ်းနှင့်
အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ ကမာရွတ်မြို့နယ်

– မန္တလေး –
၂၆-၅-၂၀၁၉ (တနင်္ဂနွေနေ့)၊
နေ့လည် (၂း၀၀) နာရီမှ (၅း၀၀) နာရီအထိ
Hotel Mandalay Ballroom
အမှတ် (၆၅၂)၊ ၇၈ လမ်း၊
၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ မန္တလေးမြို့

တို့တွင်
ဆွေးနွေးဟောပြောသွားမည်ဖြစ်ပါသဖြင့်
မည်သူမဆို **အခမဲ့** တက်ရောက် ဆွေးနွေးနိုင်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ကျောက်ကပ်အစားထိုး
ခွဲစိတ်ကုသမှုအောင်မြင်နှုန်း (၉၅%)
အသည်းအစားထိုး
ခွဲစိတ်ကုသမှုအောင်မြင်နှုန်း (၉၅%)

ရန်ကုန်ရုံး
အမှတ်(၅၉)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၅၇၉ ၅၅၅ ၀၁၊ ၀၉ ၄၅၇၉ ၅၅၅ ၀၂။
မန္တလေးရုံး
အမှတ် A1၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ လမ်း(၃၀)၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၇၈ ၇၇၇ ၄၉၀၀။

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံ ငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

RUBY ကားစီးလိုးငှားသည်
09-51-77212, 519100, 535100
Saloon, Van

FORWARD English Language Centre
ဒေါ်ညွန့်ညွန့်ဝင်း (Ex-Assistant Lecturer)
☎ 01-227082
09-795410382
B.A (English), M.Phil, M.A, Dip(Canada), CELTA (Cambridge)

| Courses | Time | Day | Starting Date |
|---|---|---|---|
| General English | 9:00 - 10:30<br>9:00 - 11:00 | Mon, Tue, Wed<br>Sat, Sun | 3. 6. 2019<br>1 .6. 2019 |
| IELTS | 12:00 - 2:00 | Mon, Tue, Wed | 3 .6. 2019 |

Speaking, Listening, reading, Writing & Grammar

018-245540
09-250025032
09-43088572

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် (DDP At Site)အရောက် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

(က) Tender No.62/ EPGE/2018-2019 — ရဲနွယ်စက်ရုံ၏ Cooling Water System တွင် တပ်ဆင်ရန် Valveများဝယ်ယူခြင်း။(4 Items)
ခပေါင်းစက်ရုံ၏ Cooling Water System တွင် တပ်ဆင်ရန်Valveများ ဝယ်ယူခြင်း။ (3 Items)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၄-၆-၂၀၁၉ ရက်၊ ၁၄း၀၀ နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရ မည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ဝန်ကြီးဌာန ဝက်ဆိုဒ် (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း ၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

ကိုယ်ရေးအရာရှိ ကျား(၁)ဦး

- နိုင်ငံတော်အဆင့်ရှိပြီး စီမံခန့်ခွဲနိုင်သော P.S.O လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူဖြစ်ရမည်။
- P.S.O၊ လုံခြုံရေးသင်တန်းအပြည့် တက်ဖူးသူဖြစ်ရမည်။
- ရဲမှူထမ်းဟောင်း၊ စစ်မှုထမ်းဟောင်း (DSA ဆင်း) များအား ဦးစားပေးမည်။

စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများသည် CV Form (၁)စုံ၊ (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ် ဓာတ်ပုံ (၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အမှတ် (၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင် (၇)လမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ Email ဖြင့်သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။
Email Address- admin@myanmarkyawinvestmentgroup.com
ဖုန်း ၀၉-၇၃၂၃၁၀၄၃၊ ၀၉-၄၄၃၂၃၁၀၄၃




မိုး ရာ သီ အ ကြို အ ထူး အ ရောင်း ပြ ပွဲ

BCC ရရှိပြီး မကြာမီနေထိုင်နိုင်မည့်
စုပေါင်းပိုင်အဆောက်အအုံအဖြစ်
တရားဝင်ကြေညာပြီးသော

ROYAL MAUNG BAMAR
RESIDENCE

ကျင်းပမည့်နေ့ရက် - ၂၀၁၉ ခုနှစ် မေလ (၂၅) (၂၆) ရက်နေ့
ကျင်းပမည့်အချိန် - မနက်(၉)နာရီ မှ ညနေ(၅)နာရီအထိ
ကျင်းပမည့်နေရာ - အမှတ်(၁၅၊၁၅က)၊ဗဟိုရုံလမ်း၊ ကြည့်လမ်းဒုတိယကွက်၊လှိုင်မြို့နယ်။

Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710, 09-450208797. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# နှစ်စဉ် ကုန်သွယ်မှုပမာဏတိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိ

## ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလထက် ဒေါ်လာ သုည ဒသမ ၅၂၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် မေ ၂၂**
မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၇) ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊

**စာမျက်နှာ ၅ ကော်လံ ၁ ○**




ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၇) ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်



ခြေစစ်ပွဲအောင်မြင်ထားသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း။

**ရန်ကုန် မေ ၂၂**
အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်သည်။

**လေ့ကျင့်ရန် စီစဉ်ထား**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်ခဲ့သည့် ကစားသမားများကို အခြေခံကာ လက်ရှိကျင်းပနေသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် လူငယ်ကစားသမားအချို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး ကစားသမားများမှာ ကလပ်အသင်းပွဲများ ကစားနေရသောကြောင့် ဇွန်လကုန်မှ လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲ မတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာရှထိပ်သီးအသင်းများနှင့် တွေ့ဆုံရမည်ဖြစ်သောကြောင့် အာရှအင်အားကြီးအသင်းများနှင့် ခြေစမ်းပွဲကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၃ နောက်ပိုင်း တစ်ကျော့ပြန် ခြေစစ်ပွဲအောင်မြင်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည့် အိမ်ရှင် ထိုင်း၊ လက်ရှိချန်ပီယံ ဂျပန်၊ မြောက်ကိုရီးယားနှင့် တရုတ် အပါအဝင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

ကြေးမုံ ယနေ့ဖတ်စရာ

**ပထမဦးဆုံး နိုင်ငံအဆင့် စက်ရုပ်ပြိုင်ပွဲကြီး ကျင်းပမည်**
စာမျက်နှာ » ၆

**အင်ဒိုနီးရှား ရွေးကောက်ပွဲရလဒ်အား အတိုက်အခံခေါင်းဆောင် ထောက်ခံသူများ ကန့်ကွက်**
စာမျက်နှာ » ၁၂

**ဇာတ်လမ်းတွဲစ်မှာ ဟွန်ဘင်းနှင့်ဆန်းရယ်ဂျင်တို့ တွဲဖက်ပါဝင်သွားမည်**
စာမျက်နှာ » ၁၅

**GRAND HANTHA INTERNATIONAL HOSPITAL**

GREEN, GRAND, CARE FOR THE PEOPLE

စင်ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
**Dr. Tan Kai Chah (Dr. K C Tan)**
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၂၅.၅.၂၀၁၉) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

ဗီယက်နမ်နိုင်ငံမှ
မွေးရာပါ နှလုံးရောဂါ အထူးကုဆရာဝန်ကြီး
**Dr. Do Nguyen Tin**
(၁.၆.၂၀၁၉) ရက်နေ့ တွင်
ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ
ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111